ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (30-7-2003) (၃၉၄၇)

နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ။

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

မော်ရိုကိုနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၃၀

၂၀၀၃ ခုနှစ် ဇူလိုင်လ ၃၀ ရက်၌ ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရိုကိုနိုင်ငံ အကြီးအကဲ ဆဋ္ဌမမြောက် မိုဟာမက်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နယ်စပ်ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း အလားအလာများကြောင့် ကလေးဒေသ ဆက်လက်ဖွံ့ဖြိုးတိုးတက်သွားမည့် အခြေအနေကောင်းများရှိနေ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကလေးဒေသ ဖွံ့ဖြိုးတိုးတက်မှုများနှင့် မြစ်သာတံတား(ကလေးဝ)စီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇူလိုင် ၂၅ရက် ညနေပိုင်းတွင် ချင်းပြည်နယ် ဖလမ်းမြို့မှ စစ်ကိုင်းတိုင်း ကလေးမြို့သို့ ရောက်ရှိကြရာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ကျီကုန်းတပ်နယ်မှ ဗိုလ်မှူးချုပ်မြဝင်းနှင့် တိုင်း၊ခရိုင်၊မြို့နယ်တို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တက်ရောက်ကြည်ညို

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် ကလေးမြို့ ရွှေဘုံသာဘုရားကြီးမှော်ရုံ၌ ကျင်းပသည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့**

မြစ်သာတံတား (ကလေးဝ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကလေးဝမြို့နယ် မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း ကလေးမြို့ရှိ ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃၀-၇-၂၀၀၃
(ဗုဒ္ဓဟူးနေ့)

စီးပွားဖြစ်ကော်ဖီ စိုက်ပျိုးဖြစ်ထွန်းစေရေး စိုက်ပျိုးရေးနည်းပညာများဖြင့် ကူညီပံ့ပိုး

မြန်မာနိုင်ငံသည် ရေ၊ မြေ သဘာဝအခြေအနေကောင်းမွန်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် အလားအလာကောင်းများစွာရှိသောနိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေဖူလုံစွာရရှိစေရန် နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားလာစေရန် သီးနှံစိုက်ပျိုးရေးစွမ်းအားမြှင့်တင်ပေးလျက်ရှိသည်။

တောင်သူလယ်သမားများ လက်တွေ့စိုက်ပျိုးထုတ်လုပ်ရာတွင် အထောက်အကူပြု ခေတ်မီစိုက်ပျိုးရေးကိရိယာများ ဖြန့်ဝေပေးခြင်း၊ တစ်ဧကအထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် သီးနှံမျိုးစေ့များ၊ သီးနှံပျိုးပင်များ ပံ့ပိုးပေးခြင်း၊ ခေတ်မီစိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့် အတတ်ပညာများ ပြသပေးခြင်းတို့ဖြင့် အားပေးကူညီလျက်ရှိသည်။

တောင်သူလယ်သမားများကလည်း နိုင်ငံတော်ကချမှတ်ထားသော စိုက်ပျိုးရေးရည်မှန်းချက်များ အောင်မြင်စေရေးအတွက် မိမိတို့ဒေသအလိုက် ရေ၊ မြေ၊ ရာသီဥတုအခြေအနေနှင့် ကိုက်ညီဖြစ်ထွန်းမည့် စပါး၊ ဝါ၊ ကြံ၊ ပဲအမျိုးမျိုးနှင့် ဆီထွက် သီးနှံများကို ရာသီအလိုက် တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းစိုက်ပျိုးသွားကြရမည်ဖြစ်သည်။

မြေပြန့်ဒေသနည်းပါးသည့် တောင်စခန်းမြို့များ၊ ရာသီဥတုအေးမြသည့် တောင်ပေါ်ဒေသများတွင် လက်ရှိအောင်မြင် ဖြစ်ထွန်းလျက်ရှိသည့် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းစသည့်သီးနှံများကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်သည်။ အဆိုပါ သီးနှံများအနက် ဈေးကွက်ရှိသည့် ကော်ဖီသီးနှံကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရန်လိုအပ်သည်။

မြန်မာ့ကော်ဖီစေ့၏ အရည်အသွေးသည် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသော မျိုးစေ့ဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် နိုင်ငံတကာဈေးကွက်ဝင်သည့် ကော်ဖီစိုက်ပျိုးရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ကော်ဖီသီးနှံကို ငါးနှစ်စီမံကိန်းဖြင့် ဧကတစ်သိန်း တိုးချဲ့စိုက်ပျိုးသွားရန် ပြည်နယ်၊တိုင်းများတွင် ကော်ဖီဇုန်များဖွဲ့၍ စိုက်ပျိုးလျက်ရှိသည်။

ပြင်ဦးလွင်မြို့နယ်သည် ကော်ဖီ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်အပါအဝင် စိုက်ပျိုးရေးဖြစ်ထွန်းသည့် မြို့နယ်တစ်ခု ဖြစ်သည်။ ဒေသ၏ ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်မှုအရ နိုင်ငံခြားငွေတိုးတက်ရရှိနိုင်သည့် ကော်ဖီသီးနှံ အဓိကစိုက်ပျိုး ဖြစ်ထွန်းရာ တောင်စခန်းမြို့လည်းဖြစ်သည်။ ပြင်ဦးလွင်မြို့တော်ကို ကော်ဖီမြို့တော်ဖြစ်ရေး၊ ပြင်ဦးလွင်နှင့် နောင်ချိုမြို့နယ် အကြားဒေသများတွင် ကော်ဖီစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ကရင်ပြည်နယ် သံတောင်မြို့နယ်သည် မြေပြန့်ဒေသနည်းပါးသဖြင့် ဆန်စပါးတိုးချဲ့စိုက်ပျိုးရန် အခြေအနေမပေးသည့် မြို့နယ်ဖြစ်သဖြင့် လက်ရှိအောင်မြင်ဖြစ်ထွန်းနေသည့် ကော်ဖီ၊ ငရုတ်ကောင်း၊ စင်ကိုနာနှင့် ဖာလာပင်များကို တိုးချဲ့စိုက်ပျိုးသင့်သည်။ အစဉ်အလာအရ စိုက်ပျိုးလာခဲ့သည့် ဒူးရင်းနှင့်တညင်းပင်များကိုလည်း တိုးချဲ့စိုက်ပျိုးသင့်ပေသည်။

ကရင်ပြည်နယ် သံတောင်ကြီးတောင်စခန်းမြို့ အထွက်တွင် တပ်ရင်း၊ တပ်ဖွဲ့များက ကော်ဖီပင်များစိုက်ပျိုးလျက်ရှိသည်။ သံတောင်ကြီး တောင်စခန်းမြို့အနီးပတ်ဝန်းကျင်၌ ကော်ဖီပင်ဧက ၃၄၀ စိုက်ပျိုးရန်လျာထားသည့်အနက် ဧက ၁၆၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

တောင်ငူမြို့နယ် ကျောက်တိုင်ကျေးရွာရှိ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၏ ပဲခူးတိုင်းနှင့် ကရင်ပြည်နယ် ကော်ဖီ တိုးချဲ့စိုက်ပျိုးရေးစီမံကိန်းခြံတွင် လုပ်ငန်းများအကောင်အထည်ဖော်လျက်ရှိသည်။ ကျောက်တိုင်ကော်ဖီခြံရှိ မြေ ၄၂ ဧကတွင် ကော်ဖီပျိုးပင်ငါးသိန်းနှင့် ငရုတ်ကောင်းပျိုးပင်ငါးသိန်း စိုက်ပျိုးပြုစုပျိုးထောင်ထားရှိပြီး စိုက်ပျိုးလိုသူများအား ဈေးနှုန်း သက်သာစွာဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။ ယခုနှစ်အတွင်း တောင်ငူဒေသ၌ ကော်ဖီပင်ဧက ၅၀၀ တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းထားရာ ဧက ၂၂၀ စိုက်ပျိုးပြီးစီးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတကာဈေးကွက်ဝင်သည့် ကော်ဖီသီးနှံကို စီးပွားဖြစ်စိုက်ပျိုးဖြစ်ထွန်းလာစေရေး၊ ရေ၊ မြေ ရာသီဥတုကိုက်ညီသော ပြည်နယ်၊ တိုင်း၊ ဒေသများတွင် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးတို့အတွက် ဌာနဆိုင်ရာများက မျိုးကောင်း၊ မျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာများ မပြတ်ကူညီပံ့ပိုးကြရန်နှင့် ဒေသခံတောင်သူများက ကော်ဖီသီးနှံကို ကြိုးပမ်းစိုက်ပျိုးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရှုခင်းမြင်ကွင်းပဒေသာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

၂၀၀၄ ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ **မြန်မာ့ရှုခင်း မြင်ကွင်းပဒေသာ** ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ၁၀လက်မ x ၁၂လက်မထက်မငယ်သော အရွယ်အစားဖြင့် Print ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ယင်းဓာတ်ပုံသည် ပြည်တွင်း ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်းဝန်ခံချက်၊ ဓာတ်ပုံနှင့် စပ်လျဉ်းသည့် အကြောင်းအရာ(Caption) အပြည့်အစုံ ပါရှိရမည်ဖြစ်သည်။

ဓာတ်ပုံများကို ပေးပို့သည့်အခါ ပြိုင်ပွဲဝင်လိုသူ၏ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရာ၌ Digital Camera ဖြင့် ရိုက်ကူးထားသော ပုံများကို လက်ခံမည်မဟုတ်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးသန်းထွန်း ခေတ္တညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

မုန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဒုတိယ ဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၂၅ရက် နံနက်က ၁၃၂ကေဗွီမုန်း–ချောက်မဟာဓာတ်အားလိုင်း ရေဝတီမြစ်ကျော်တာဝါတိုင်များ စိုက်ထူခြင်းလုပ်ငန်း စခန်းများဖြစ်သည့် မကွေးတိုင်း ဆိပ်ဖြူမြို့ ရေဝတီမြစ်ကမ်းတာဝါတိုင်အောက်ခြေအုတ်ခုံများ တည်ဆောက်နေမှု အခြေအနေနှင့် ချောက်မြို့ ရေဝတီမြစ်ကမ်းတွင် စိုက်ထူပြီးစီးသွားသော မြစ်ကျော်တာဝါတိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မုန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်၍ ဖြန့်ဖြူးခွဲဝေ ပို့လွှတ်ပေးမည့် (ချောက်)ပင်မဓာတ်ခွဲအားခွဲရုံတွင် တပ်ဆင်ထားသော ခလုတ်ခုံများကို ဝင်ရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိရေးအတွက် ဆွေးနွေးမှာကြားသည်။

ပြီးစီးမှု

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့်အဖွဲ့သည် မုန်းချောင်း ရေအားလျှပ်စစ် စီမံကိန်းသို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့်အတူ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ စက်တပ်ဆင်မှုအခြေအနေ၊ ဓာတ်အားထိန်းချုပ်ခန်း၌စက်ခလုတ်များတပ်ဆင်ပြီးစီးမှု အခြေအနေ၊ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော ရေလွှဲဥမင်အထွက်တူးဖော်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံဂိတ်တံခါးတပ်ဆင် တည်ဆောက်မှုလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင်၂၆ရက်တွင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဒေသတွင် တည်ဆောက်လျက်ရှိသော သဘာဝပိုဇိုလန်စက်ရုံ စီမံကိန်းသို့ရောက်ရှိပြီး ရှင်းလင်း ခန်းမဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးဝင်းကြည်၊ စီမံကိန်းမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် ငရုံ့ကုန်းကျေးရွာအနီး တူးဖော်လျက်ရှိသော သဘာဝပိုဇိုလန် တူးဖော်ခြင်းလုပ်ငန်းနှင့် သဘာဝပိုဇိုလန်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြေအောက်စက်ရုံ

ဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၈ရက်တွင် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း မြေအောက် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ တမံမြေဖို့ခြင်း၊ တမံတည်ဆောက်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ၌ ဝန်ကြီးက စီမံကိန်းများကို သတ်မှတ်ကာလထက်စော၍ပြီးစီးရေး၊ လုပ်ငန်းသုံးပစ္စည်းများ ပြတ်လပ်မှုမရှိအောင် ကြိုတင်စုဆောင်းဖြည့်ဆည်းထားရှိရေး၊ စက်ယန္တရားများနှင့် ယာဉ်များကို စနစ်တကျ ကိုင်တွယ်မောင်းနှင် ထိန်းသိမ်းရေး၊ စက်များကို အပိုင်းလိုက်မှန်ကန်အောင် တပ်ဆင်ရေး၊ ချိုးခြံချွေတာရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ဒုတိယဝန်ကြီး ဦးမျိုးမြင့်တို့ မုန်းချောင်း ရေအားလျှပ်စစ် စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (လျှပ်စစ်စွမ်းအား)

တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံဓာတုပစ္စည်းထိန်းချုပ်ရေးဆိုင်ရာ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု သုံးသပ်အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံဓာတုပစ္စည်းထိန်းချုပ်ရေးဆိုင်ရာ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု သုံးသပ်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ နီကိုးဟိုတယ်၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် ကော်မတီဝင်များ၊ တရုတ်၊ လာအို၊ ထိုင်းနှင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် လေ့လာသူများ၊ ဗန်ကောက်အခြေစိုက် UNODC အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ဓာတုပစ္စည်းထိန်းချုပ်ရေးစီမံကိန်း ညှိနှိုင်းရေးမှူး Mr. Wong Hoy Yuen၊ ရန်ကုန်မြို့ရှိ UNODC ရုံးဌာနေကိုယ်စားလှယ်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၀၂ခုနှစ် မတ်လအတွင်းက တရုတ်နိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့သည့် ပထမအကြိမ် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းထိန်းချုပ်ရေး ဆိုင်ရာ လေးနိုင်ငံ စီမံချက်ရေးဆွဲရေးအစည်းအဝေးမှ ထောက်ခံချက်များ အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဗန်ကောက်အခြေစိုက် UNODC အရှေ့အာရှနှင့် ပစိဖိတ်ဒေသ၊ဓာတုပစ္စည်းထိန်းချုပ်ရေးစီမံကိန်းညှိနှိုင်းရေးမှူးက လေးနိုင်ငံကိုယ်စားလှယ်များအား ဓာတုပစ္စည်းတားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် Canon Camera ၂၉လုံးနှင့် ဓာတ်ခွဲစမ်းသပ်ကိရိယာ (Test-Kit) ၂၅၀ခုတို့ အား လွှဲပြောင်းပေးအပ်သည်။ အစည်းအဝေးကို ဇူလိုင် ၃၁ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ



အီရတ်ဒုက္ခသည်အချို့ ဆော်ဒီအာရေဗျမှ နေရပ်ပြန်ကြမည်

ရီယတ် ဇူလိုင် ၂၉

ဆော်ဒီအာရေဗျနိုင်ငံ မြောက်ပိုင်းရှိ အီရတ်ဒုက္ခသည် ၂၄၄ ဦးကို နေရပ်သို့ ပြန်ပို့မည်ဖြစ်ကြောင်း၊ အဘယ်ကြောင့် ဆိုသော် အဆိုပါ ဒုက္ခသည်များသည် အလွန်အမင်း နေရပ်ပြန်လိုကြ၍ ဖြစ်ကြောင်း၊ သို့သော် အခြားသော အီရတ်ဒုက္ခသည်များကိုမူ အီရတ်နိုင်ငံ ပြန်လည်တည်ငြိမ်သည်အထိ စောင့်ဆိုင်းနေကြရန် တိုက်တွန်းထားကြောင်းဖြင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်အိပ်ချ်စီအာရ်)က တနင်္ဂနွေနေ့တွင် ကြေညာသည်။

၎င်းဒုက္ခသည်များသည် လွန်ခဲ့သည့် ၁၂ နှစ်က သဲကန္တာရအတွင်း သောင်တင်နေခဲ့ကြရသည့် ဒုက္ခသည်များဖြစ်သည်ဆို၏။ ***အမ်အင်အေ၊ရိုက်တာ။***

သယ်ဆောင်

ဇူလိုင် ၂၇ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်စစ်သားများ စီးနင်းဝင်ရောက်ရာ၌ ပျက်စီးခဲ့သည့် ကားနှစ်စီးကို ထရပ်ကားဖြင့်သယ်ဆောင်လာစဉ်။ (အင်တာနက်)

အီရတ်စစ်သုံ့ပန်းများ နှိပ်စက်ညှဉ်းပန်းမှု အမေရိကန်တပ်သား လေးဦးကို ရုံးတင်မည်

ဝါရှင်တန် ဇူလိုင် ၂၈

အီရတ်နိုင်ငံသား စစ်သုံ့ပန်းများကို နှိပ်စက်ညှဉ်းပန်းမှုဖြင့် သင်္ကာမကင်းခံရသူ အမေရိကန်စစ်သား လေးဦးအား စုံစမ်းစစ်ဆေးရန် စွဲချက်တင်ထားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စနေနေ့တွင် ပြောကြားလိုက်သည်။

အီရတ်စစ်သုံ့ပန်းအချို့အား အမေရိကန်စစ်သားအချို့က နှိပ်စက်သည့် စွပ်စွဲချက်အား စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ဖလော်ရီဒါပြည်နယ်တမ်ပါရှိ အမေရိကန်အလယ်ပိုင်း စစ်ဌာနချုပ် ဒုတိယတပ်မှူးဖြစ်သူ နစ်ဘဲလစ်က ပြောကြားသည်။

အသေးစိတ်မပြော

နှိပ်စက်ညှဉ်းပန်းမှု စွပ်စွဲချက်များကို အခြေပြု၍ အမေရိကန်စစ်သား လေးဦးကို စွဲချက်တင်ထားကြောင်း ဘဲလစ်က ပြောကြားသော်လည်း အဆိုပါ စစ်သားများ မည်သူမည်ဝါဟု ထုတ်ဖော်ပြောကြားခြင်းမရှိသလို စွပ်စွဲချက် အသေးစိတ်ကိုလည်း ပြောပြခြင်းမရှိပေ။

အဆိုပါလေးဦးအား စစ်ဘက်ခုံရုံးတွင် စစ်ဆေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဆက်ဒမ်ဟူစိန်အား ရာထူးမှဖြုတ်ချရန် စစ်ပွဲဖြစ်ခဲ့စဉ်အတွင်း စစ်သုံ့ပန်း ၇၀၀၀ တို့ကို ဘတ်ကာစခန်းတွင် ထိန်းသိမ်းထားခဲ့ရာ မေလလယ်အတွင်းက ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်များကို အလေးထား၍ စွပ်စွဲထားခြင်းဖြစ်သည်။ *အမ်အင်အေ၊ရိုက်တာ။*

ဘဂ္ဂဒက်မြို့တွင် တိုက်ခိုက်ခံရ၍ အမေရိကန်တပ်သားတစ်ဦး သေဆုံး ၂၄ နာရီအတွင်း အမေရိကန်တပ်သား သေဆုံးသူ ငါးဦးအထိရှိ

ဘဂ္ဂဒက် ဇူလိုင် ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် တောင်ပိုင်းတွင် အမေရိကန် ညကင်းလှည့်တပ်ဖွဲ့တစ်ဖွဲ့အား ဒုံးကန်အားသုံး လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမေရိကန်စစ်သားတစ်ဦး သေဆုံးသွားပြီး အခြားစစ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားလိုက်ရာ ၂၄ နာရီအတွင်း အမေရိကန်စစ်သားများ သေဆုံးသည့်အရေအတွက်သည် ငါးဦးအထိ ရှိသွားပြီဖြစ်သည်။

ချုံခိုတိုက်ခိုက်

အမေရိကန်စစ်သားများကို ဘဂ္ဂဒက်မြို့တော် တောင်ပိုင်းတွင် တိုက်ခိုက်ခြင်းဖြစ်သည်။ တိုက်ခိုက်ခံရသည့်နေရာမှာ ကုလသမဂ္ဂ ယာဉ်မောင်းတစ်ဦးနှင့် နိုင်ငံတကာ ကြက်ခြေနီကော်မတီတွင် တာဝန်ထမ်းဆောင်နေသူ သီရိလင်္ကာနိုင်ငံသား အတတ်ပညာရှင်တစ်ဦးတို့ ယခုလ စောစောပိုင်းက သီးခြား ချုံခိုတိုက်ခိုက်မှု ဖြစ်ပွားခဲ့စဉ်အတွင်း သေဆုံးခဲ့သည့် နေရာဖြစ်သည်။

ကြည်းတပ်သားများ

သေဆုံးသူ စစ်သားများမှာ အမှတ်(၁) မရိန်းတပ်ဖွဲ့မှ ကြည်းတပ်သားများဖြစ်သည်ဟု အမေရိကန် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဘဂ္ဂဒက်မြောက်ပိုင်း ကျူးဘားကလေးဆေးရုံတွင် စောင့်ရှောက်နေသည့် စစ်သားများကို လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ရာတွင် အမေရိကန်စစ်သားသုံးဦးတို့ သေဆုံးသွားပြီး ဘဂ္ဂဒက် ဆင်ခြေဖုံး အဘူဂရစ်တွင် အမေရိကန် ယာဉ်တန်းတစ်ခု တိုက်ခိုက်ခံရသောကြောင့် စစ်သားတစ်ဦး သေဆုံးသွားသည်။

၄၉ ဦးရှိ

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က မေလ ၁ ရက်တွင် အဓိက တိုက်ပွဲကြီးများ အီရတ်နိုင်ငံတွင် ပြီးဆုံးသွားပြီဟု ကြေညာပြီးသည့်နောက် ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သား ၄၉ ဦး သေဆုံးခဲ့ရပြီဖြစ်သည်။

စိတ်ဓာတ်ရိုက်ချိုး

အမေရိကန် တပ်သားများက ဆက်ဒမ်ဟူစိန်၏ သားများဖြစ်သည့် အူဒေးနှင့် ကူဆေးတို့အား အင်္ဂါနေ့က သတ်ဖြတ်ပြီးသည့်နောက် အမေရိကန်စစ်သား ၁၀ ဦးသေဆုံးခဲ့ရာ ၎င်းတို့သေဆုံးမှုကြောင့် ဘဂ္ဂဒက်အနီးချောင်းမြောင်း တိုက်ခိုက်နေသည့် ပြောက်ကျားများနှင့် ဆွန်နီတြိဂံဒေသမှ ပြောက်ကျားများ၏ စိတ်ဓာတ်ကို ရိုက်ချိုးသကဲ့သို့ ဖြစ်စေကြောင်း အမေရိကန်တာဝန်ရှိ ပုဂ္ဂိုလ်များက မျှော်လင့်ထားကြသည်။

အရှိန်မြင့်တက်

သို့ရာတွင် ကြောက်စရာကောင်းလှသည့် အူဒေးနှင့် ကူဆေးတို့ ညီနောင်နှစ်ဦး ဘဝဇာတ်သိမ်းခဲ့ရမှုနှင့် မကြာမီရက်များအတွင်း အမေရိကန်စစ်သားများ သေဆုံးမှုဖြစ်ရပ်များ တိုးပွားလာမှုနှင့် ဆက်စပ်မှု ရှိ၊ မရှိ မသဲကွဲသော်လည်း ပစ်ပြီးပြေးသည့် တိုက်ခိုက်မှု အရှိန်မြင့်တက်မှုကို နှေးကွေးစေဖွယ် မရှိသေးပေ။

အမ်အင်အေ၊ရိုက်တာ။

ကျူးဘားနိုင်ငံ၏ မွန်ကာဒါတိုက်ခိုက်မှု အနှစ်(၅၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားအဖြစ် ဇူလိုင် ၂၆ ရက်က မက္ကဆီကိုစီးတီးရှိ အမေရိကန်သံရုံး အပြင်ဘက်တွင် မက္ကဆီကိုနိုင်ငံသားများ ပိုစတာများကိုင်ဆောင်ကာ ဆန္ဒပြနေစဉ်။ (ဆန္ဒပြသူများသည် ကျူးဘားနိုင်ငံအား အချိန်ကြာမြင့်စွာ ပိတ်ဆို့အရေးယူမှုအတွက် အမေရိကန်အား ဆန့်ကျင်ကန့်ကွက်ကြသည်။)

(ဓာတ်ပုံ–ဆင်ဟွာ)

ဗန်ကောက်၌ ဘိန်းဖြူဂိုဏ်းနှိမ်နင်း

ဗန်ကောက် ဇူလိုင် ၂၈

ထိုင်းနိုင်ငံရဲတပ်ဖွဲ့သည် ဗန်ကောက်မြို့ရှိ အကြီးမားဆုံး ဘိန်းဖြူဂိုဏ်းများအနက် ဂိုဏ်းတစ်ဂိုဏ်းကို နှိမ်နင်းခဲ့ရာ မူးယစ်ဆေးဝါး မှောင်ခိုသမားဟု သင်္ကာမကင်းခံရသူ သုံးဦးကို ဖမ်းမိကာ ဘိန်းဖြူ ၁ ဒသမ ၇ ကီလိုဂရမ်ကို သိမ်းဆည်းမိပြီး ဘတ်ငွေ ၃ ဒသမ ၅ သန်း(ဒေါ်လာ ၈၄၀၀၀)ကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြောင်း ရုပ်မြင်သံကြားလိုင်း အမှတ်(၉)က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ယင်းသို့ နှိမ်နင်းရာတွင် ကားတစ်စီးနှင့် မိုဘိုင်း တယ်လီဖုန်းတစ်လုံးကိုလည်း သိမ်းဆည်းမိသည်။

ရောင်းရန် ရည်ရွယ်ကာ အကောင်းစား မူးယစ်ဆေးဝါး ပိုင်ဆိုင်မှုဖြင့် ဖမ်းဆီးမိသူသုံးဦးကို တရားစွဲဆိုထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်ပြည်တွင် အပူလှိုင်းကျရောက်

ဘေဂျင်း ဇူလိုင် ၂၉

တရုတ်နိုင်ငံအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် အပူလှိုင်းကျရောက်လျက်ရှိပြီး အပူချိန် ၃၅ ဒီဂရီမှ ၃၈ ဒီဂရီ ဆဲလ်ဆီးယပ်စ်အထိ ရှိနေသည်။ ဒေသခံများသည် အပူဒဏ်မှ ရှောင်ရှားနိုင်မည့် သက်သာရာ သက်သာကြောင်း နည်းလမ်းများရှာဖွေကာ နေထိုင်လျက်ရှိကြသည်။

အအေးသောက်ခြင်း၊ ဖရဲသီးစားခြင်း စသည်တို့ ရေပန်းစားလာသည့်အပြင် လေအေးစက်ရှိသော စာအုပ်ဆိုင်များ၊ ဈေးဆိုင်တန်းများကို ရွေးချယ်သွားရောက်ပြီး ပန်းခြံများနှင့် ရှုခင်းသာနေရာများသို့လည်း သွားရောက်ကြသည်။

ဘေဂျင်းမြို့တော်၌ မိုးအနည်းငယ်ရွာခဲ့သော်လည်း အပူဒဏ်မှ သက်သာရာ မရနိုင်သေးကြောင်း၊ နောက်ထပ် ရက်အနည်းငယ်ခန့် ထပ်မံအပူဒဏ်ခံစားရဦးမည်ဖြစ်ကြောင်း စီစီတီဗွီသတင်းဌာနက တင်ပြသည်။ ***စီစီတီဗွီ။***

ဥရောပသမဂ္ဂ အကူအညီ ကျူးဘား မလိုအပ် အီးယူဝေဖန်မှု ကက်စထရို ပြန်လည်တုံ့ပြန်

ဆန်တီယာဂို(ကျူးဘား) ဇူလိုင် ၂၈

ဥရောပသမဂ္ဂ(အီးယူ)၏ အကူအညီပေးမှုအား ပယ်ချကာ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးကို ပိတ်ပစ်လိုက်ခြင်းဖြင့် ကျူးဘား၌ လူ့အခွင့်အရေး ချိုးဖောက်မှုများအား အီးယူက ဝေဖန်ကန့်ကွက်မှုကို ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိုက စနေနေ့တွင် တုံ့ပြန်လိုက်သည်။

ထောက်ခံသူ ၁၀၀၀၀

ကျူးဘားနိုင်ငံ ဆက်လက် ရပ်တည်နိုင်ရေးအတွက် ဥရောပသမဂ္ဂ၏ အကူအညီမလိုအပ်ကြောင်း ဆန်တီယာဂိုမြို့စောင့်တပ်ကို ဦးဆောင်ကာ လက်ဝဲတော်လှန်ရေးကို ဆင်နွှဲခဲ့သည့် အနှစ်(၅၀)ပြည့်မြောက်သည့် နှစ်ပတ်လည် အခမ်းအနားအဖြစ် ၎င်းအား ထောက်ခံသူ ၁၀၀၀၀ အား ကက်စထရိုက ပြောကြားလိုက်သည်။

ကျူးဘားနိုင်ငံသည် ဒေသဆိုင်ရာအစိုးရများ၊ အစိုးရမဟုတ်သည့် အင်ဂျီအိုအဖွဲ့အစည်းများ၊ ဥရောပတိုက်မှ သွေးစည်းညီညွတ်ရေး လှုပ်ရှားရေးအဖွဲ့အစည်းများထံမှ အကူအညီများကိုသာ လက်ခံမည်ဖြစ်ကြောင်း၊ ၎င်းတို့သည် ကျူးဘားနိုင်ငံအပေါ် မည်သည့်နိုင်ငံရေးစည်းမျဉ်းကိုမျှ မချမှတ်ကြောင်း ၎င်းက ပြောကြားသည်။

မကောင်းကြံနေ

ဥရောပနိုင်ငံများသည် နှစ်ပေါင်း ၄၀ ကြာအောင် ကျူးဘားနိုင်ငံအား အရေးယူမှုများ ဆက်လက်ပြုလုပ်နေသည့် အမေရိကန်နှင့် ပူးပေါင်းကာ ကျူးဘားအပေါ် ဝိုင်း၍မကောင်းကြံနေကြကြောင်း ကျူးဘားသမ္မတက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန် ဒုတိယကာကွယ်ရေးဝန်ကြီး၏ ဝေဖန်ချက် အာရပ် ရုပ်မြင်သံကြားဌာနများ ပယ်ချ

ဘဂ္ဂဒက် ဇူလိုင် ၂၉

အမေရိကန် ဒုတိယကာကွယ်ရေးဝန်ကြီး ပေါလ်ဝုဖော်ဝစ်က အာရပ်ရုပ်သံဌာနများဖြစ်ကြသည့် အယ်ဂျာဇီယာနှင့် အယ်အာရေးဗီးရားတို့သည် အီရတ်သတင်းများကို ဖော်ပြရာ၌ ဘက်လိုက်မှုရှိသည်ဟု ပြောကြားချက်ကို အာရပ်ရုပ်မြင်သံကြားဌာန နှစ်ခုစလုံးက တနင်္ဂနွေနေ့က ဒေါသတကြီး တုံ့ပြန်ခဲ့ကြသည်။ ထိုရုပ်သံဌာနများသည် အာရပ်လောကတွင် လေးစားခြင်းခံရသော သတင်းဌာနများဖြစ်ကြသည်။

ညံ့ဖျင်းစွာတင်ပြ

အက်ဒနမ်အယ်ရာရစ်သည် အယ်ဂျာဇီယာရုပ်သံဌာနမှ မန်နေဂျာဖြစ်သည်။ ၎င်းက ကျွန်ုပ်တို့သတင်းဌာနများမှ ထုတ်လွှင့်ချက်များကို အမေရိကန်၌ ပြန်လည်ဖော်ပြရာ၌ ညံ့ဖျင်းစွာ ပြန်လည်တင်ပြမှုများကြောင့် ဘက်လိုက်သည်ဟု အမြင်မှားယွင်းရသည်ဟု ပြောကြားသွားသည်။ ဆာလာနမ်သည် အယ်အာရေးဗီးရားရုပ်သံမှ အယ်ဒီတာချုပ်ဖြစ်သည်။ ၎င်းက မိမိတို့၏သတင်းဌာနမှ ထုတ်လွှင့်ချက်များသည် အချို့သော လူများကို ဒေါသထွက်စေမည်ဖြစ်သော်လည်း ထုတ်လွှင့်ချက်များမှာ အမှန်တရားများသာဖြစ်သည်ဟု ဆိုသည်။

အမေရိကန် ဒုတိယကာကွယ်ရေးဝန်ကြီးက ဖောက်သတင်းဌာနကို အာရပ်ရုပ်သံဌာနများသည် ဘက်လိုက်သည့် သတင်းများကို ဖော်ပြ၍ အမေရိကန်ဆန့်ကျင်ရေး စိတ်ဓာတ်များကို နှိုးဆွပေးသည်ဟု ပြောကြားခဲ့သည်။ ထို့အပြင် သက်ဆိုင်ရာ အစိုးရများသည် ထိုသတင်းဌာနများကို တားမြစ်သင့်သည်။ ယင်းတို့၏ အပြုအမူသည် အမေရိကန်တပ်များအတွက် အန္တရာယ်ဖြစ်စေသည်ကို နားလည်သင့်သည်ဟု ဖြည့်စွက်ပြောကြားသွားသည်။

အခြေစိုက်

အယ်ဂျာဇီယာ သတင်းဌာနမှာ ကာတာနိုင်ငံ အခြေစိုက်ဖြစ်ပြီး အယ်အာရေးဗီးရား သတင်းဌာနမှာ အာရပ်စော်ဘွားများနိုင်ငံ အဘူဒါဘီမြို့တွင် အခြေစိုက်သောဌာနဖြစ်သည်။

ထိုရုပ်သံဌာနနှစ်ခုမှ တာဝန်ရှိသူများက မိမိတို့ ရုပ်သံဌာနများသည် ပုဂ္ဂလိကဌာနများဖြစ်သည်။ အစိုးရနှင့်ကင်းလွတ်သော၊ လွတ်လပ်သော သတင်းဌာနများဖြစ်ကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ *အင်တာနက်။*

တိုနီဘလဲ လိမ်ညာခဲ့ဟု စစ်တမ်းတွင် ဖော်ပြ

နယူးယောက် ဇူလိုင် ၂၉

အီရတ်နိုင်ငံအပေါ် စစ်ပွဲဆင်နွှဲမှုနှင့် ပတ်သက်၍ စီအင်န်အင်န်/တိုင်းမ်က ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်နိုင်ငံတို့မှ ပရိသတ်များအား ဆန္ဒသဘောထားစစ်တမ်း ကောက်ယူသည်။

— ပထမမေးခွန်း —

ပထမမေးခွန်းဖြစ်သည့် အီရတ်နိုင်ငံနှင့် ပတ်သက်သော ထောက်လှမ်းရေးသတင်းများ အခြေအမြစ်မရှိခဲ့လျှင် အီရတ်နိုင်ငံအား ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဗြိတိန်နှင့် အမေရိကန်တို့၏လုပ်ရပ် မှန်ကန်မှုရှိပါသလားဆိုသည့် မေးခွန်းအပေါ် မှန်ကန်မှုမရှိကြောင်း ၆၆ ရာခိုင်နှုန်းက ပြောကြားခဲ့သည်။

— ဒုတိယမေးခွန်း —

ဒုတိယမေးခွန်းဖြစ်သော ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲသည် အီရတ်နိုင်ငံရှိ ကန့်သတ်လက်နက်များအကြောင်းနှင့် ပတ်သက်၍ သိလျက်နှင့် ဗြိတိန်ပြည်သူများကို အသိအမြင်လွဲမှားအောင် ဆောင်ရွက်ခဲ့သလားဆိုသည့် မေးခွန်းအပေါ် ဂျာမနီပရိသတ် ၅၃ ရာခိုင်နှုန်းနှင့် ပြင်သစ်နိုင်ငံရှိ ပရိသတ် ၅၈ ရာခိုင်နှုန်းက တိုနီဘလဲ လိမ်ညာခဲ့ကြောင်း ဖြေကြားခဲ့ကာ ဗြိတိန်ပရိသတ် ၄၂ ရာခိုင်နှုန်းကလည်း ဗြိတိန်ဝန်ကြီးချုပ်သည် ၎င်းတို့ကို လိမ်ညာခဲ့ကြောင်း ဖြေကြားခဲ့ကြသည်။ ***စီအင်န်အင်န်။***

ဘဂ္ဂဒက်တွင်တိုက်ခိုက်မှု နေ့ခင်းကြောင်တောင်ဖြစ်ပွား အမေရိကန်စစ်သားတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၂၉

ဘဂ္ဂဒက်မြို့တွင် တနင်္လာနေ့က ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်စစ်သားတစ်ဦး သေဆုံးသွားသည်။ မေလ ၁ရက်တွင် အမေရိကန်က အီရတ်တွင် အဓိကတိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဟု ကြေညာခဲ့သည်။ ထိုကြေညာချက် ပေါ်ထွက်ပြီးနောက်ပိုင်းဖြစ်ပေါ်လာသောတိုက်ပွဲများကြောင့် အမေရိကန်စစ်သည် သေဆုံးမှုမှာ တနင်္လာနေ့အထိပါရေတွက်လျှင် ၅၀ဦးရှိသွားပြီဖြစ်သည်။

အထက်ပါ ဗုံးဖြင့်တိုက်ခိုက်မှုမှာ ဘဂ္ဂဒက်မြို့တော်ရာရှစ်ဒေသတွင် အမေရိကန်ယာဉ်တန်းက တံတားတစ်ခုအောက်မှ ဖြတ်သန်းသွားစဉ် တံတားပေါ်မှ နေခင်းကြောင်တောင် ဗုံးပစ်ချပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အသုံးပြုခဲ့သောဗုံးမှာ လက်လုပ်ဗုံးဟု ယူဆရသည်။ ထိုပေါက်ကွဲမှုကြောင့် အမေရိကန်တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရသွားသည်။ ယခုတိုက်ခိုက်မှုမှာ အတင့်ရဲလှသည့် ပြောက်ကျားတိုက်ခိုက်မှုပင်ဖြစ်သည်။

အမေရိကန်တပ်များသည် တနင်္ဂနွေနေ့က ဆက်ဒမ်ကိုရှာဖွေသော စီးနင်းမှုတစ်ခုကို ပြုလုပ်ရာ၌ စိုးရိမ်စိတ် လွန်ကဲနေသော အမေရိကန်စစ်သားများ၏ ပစ်ခတ်မှုကြောင့် အီရတ်လူမျိုးငါးဦး သေဆုံးခဲ့ရသည်။ ထိုအဖြစ်အပျက်ကြောင့် အမေရိကန်စစ်သားများနှင့် အီရတ်ပြည်သူများအကြား ဖြစ်ပေါ်နေသော စိုးရွံ့မှုနှင့် ရွံမုန်းမှုများကို မီးထိုးပေးလိုက်သကဲ့သို့ ရှိသည်ဟုဆိုသည်။

အမေရိကန်ပြောရေးဆိုခွင့်ရှိသူက တနင်္ဂနွေနေ့က ဖြစ်ပေါ်ခဲ့သော ကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာပြောကြားခြင်း မရှိသည့်အတွက် အခြေအနေကို သဲသဲကွဲကွဲမသိရဘဲ ပဟေဠိဆန်လျက်ရှိသည်။

အီရတ်နိုင်ငံသည် ယခုအခါ နိုင်ငံအတွင်းသို့ အကြမ်းဖက်သမားများ မျက်စိကျပြီး ဝင်ရောက်လာစေရန် ဆွဲငင်နေသော သံလိုက်ကြီးသဖွယ်ဖြစ်နေသည်။ အမေရိကန်တပ်ဖွဲ့များအပေါ် တိုက်ခိုက်ရာ၌ အသုံးပြုသော တိုက်ခိုက်ရေးနည်းနာများမှာလည်း တိုး၍ခေတ်မီလာသည်ကို တွေ့ရှိနေရကြောင်း အီရတ်ရှိ အမေရိကန်စစ်ဦးစီးဒုတိယဗိုလ်ချုပ်ကြီးရီကာဒိုဆန်ချေ့က သတိပေးစကားပြောကြားခဲ့သည်။

အာရပ်ရုပ်မြင်သံကြားမှ ဆာလာဖစ်ဂျီဟာတ်အုပ်စု၏ ပြောကြားချက်ကို ထုတ်လွှင့်ပေးခဲ့သည်။ ထိုထုတ်လွှင့်ချက်တွင် မိမိတို့သည် သမ္မတဘုရှ်အပေါ် ဘာသာရေးစစ်ပွဲ ဆင်နွှဲလျက်ရှိကြောင်း မျက်နှာဖုံးစွပ်ထားသော သေနတ်သမားက ပြောကြားသွားသည်။ ဆာလာဖစ်ဂျီဟာတ်အုပ်စုသည် ယခင်က မကြားဖူးသေးသောအုပ်စု ဖြစ်သည်။

မေ ၁ရက် နောက်ပိုင်း အမေရိကန် သေဆုံးမှုစုစုပေါင်း၏ သုံးပုံတစ်ပုံသည် ပြီးခဲ့သော ၁၀ ရက် ကာလအတွင်း ဖြစ်ပွားသော တိုက်ပွဲများတွင် သေဆုံးခဲ့ကြခြင်းဖြစ်သည်။ အမေရိကန်အရာရှိများက ယခုအတောအတွင်း ဖြစ်ပွားသော ပြောက်ကျားတိုက်ခိုက်မှု အရေအတွက်သည် နေ့စဉ်ပျမ်းမျှ ၁၂ကြိမ်ခန့်ရှိသည်ဟုဆိုသည်။

အင်တာနက်။

တရုတ်ပြည် အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် မြို့တော်ချန်ဒူး၌ ဇူလိုင် ၂၇ ရက်က ကျင်းပသည့် (၁၀)ကြိမ်မြောက် တရုတ်ဝါး ယဉ်ကျေးမှု ပွဲတော်တွင် ပြသထားသည့် ဝါးလိုက်ကာတစ်ခုကို တွေ့ရစဉ်။ (ယင်းဝါးလိုက်ကာ တွင် တရုတ်ဂန္ထဝင် ဝတ္ထုကြီးဖြစ်သည့် "ခန်းဆောင်နီ အိပ်မက်"မှ ဇာတ်ကောင်များကို ရေးဆွဲထားသည်။) *(ဓာတ်ပုံ–ဆင်ဟွာ)*

ဖမ်းဆီး ခေါ်ဆောင်

အမေရိကန် တပ်ဖွဲ့များက ဘဂ္ဂဒက်ရှိ ဘူတာရုံကြီးအနီးတွင် ယာဉ်မောင်းတစ်ဦးအား ဇူလိုင် ၂၇ ရက်က ဖမ်းဆီး ခေါ်ဆောင်လာစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

မူးယစ်ဆေးဝါး ဟန့်တားရန် တင်းကျပ်သည့် အစီအစဉ်များ ပါကစ္စတန် ချမှတ်

အစ္စလမ္မာဘတ် ဇူလိုင် ၂၈

မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုကို ဟန့်တားရေးအတွက် ပါကစ္စတန်–အာဖဂန် နယ်စပ်တစ်လျှောက် လုံခြုံရေးအစီအစဉ်များကို တိုးမြှင့်ချထားကြောင်း ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး ဖိုင်ဆယ်ဆလေးဟာယတ်က စနေနေ့တွင် ပြောကြားသည်။

မူးယစ်ဆေးဝါး ရောင်းဝယ်မှုသည် လူသားချင်းစာနာထောက်ထားရေးအရ အာဖဂန်ဒုက္ခသည်များအား ခိုလှုံခွင့်ပေးထားသည့် ဒေသများတွင် ဆိုးကျိုးသက်ရောက်စေကြောင်း ဟာယတ်က ပါကစ္စတန်ရုပ်မြင်သံကြားသို့ ပြောကြားသည်။

မူးယစ်ဆေးဝါး မှောင်ခိုသမားများသည် အကြမ်းဖက်သမားများနှင့် အဆက်အသွယ်ရှိကြရာ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုကို ဟန့်တားရေးအတွက် နယ်စပ်ဒေသ၌ ပါကစ္စတန်နှင့် အာဖဂန်ပြည်သူ့စစ်များကို ဖြန့်ချထားကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံမှ ရေနံ ဂျပန်ကုမ္ပဏီ တင်သွင်းမည်

တိုကျို ဇူလိုင် ၂၉

၁၉၉၀ ပြည့်နှစ် ပင်လယ်ကွေ့စစ်ပွဲနောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ် ဂျပန်မစ်ဆူဘီရှီကော်ပိုရေးရှင်းသည် အီရတ်နိုင်ငံမှ ရေနံစိမ်းများတင်သွင်းမည့် သဘောတူစာချုပ်တစ်ရပ်ကို မကြာမီတွင် ချုပ်ဆိုမည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်စာချုပ် ချုပ်ဆိုပြီးစီးပါက မစ်ဆူဘီရှီကုမ္ပဏီသည် အီရတ်နိုင်ငံမှ တင်သွင်းလာသော ရေနံစိမ်းများကို သြဂုတ်လမှ ဒီဇင်ဘာလကုန်အထိ ကာလအတွင်း ဂျပန်ရေနံချက်စက်ရုံများသို့ ရောင်းချမည်ဖြစ်သည်။ ဂျပန်ကုမ္ပဏီတစ်ခုအနေဖြင့် ယခုကဲ့သို့ အီရတ်နိုင်ငံမှ ရေနံစိမ်းတင်သွင်းမှုသည် ၁၃ နှစ်တာကာလအတွင်း ပထမဦးဆုံးအကြိမ်ဖြစ်သည်။ *စီအင်န်အင်န်။*

နိုင်ငံတကာ သတင်းများ

တရုတ်ပြည် အနောက်တောင်ပိုင်း ယူနန်ပြည်နယ် ကူမင်းမြို့တွင် စပိန်နိုင်ငံ ရီးယဲလ်မဒရစ် အသင်းမှ ကွင်းလယ်ကစားသမား လူးဝစ်ဖီဂို (အလယ်လူ) ကို ကစားဖော်များနှင့်အတူ သွေးပူလေ့ကျင့်ခန်း လုပ်နေသည်ကို ဇူလိုင် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–ဆင်ဟွာ)*

ကာဘာလာမြို့၌ ဆန္ဒပြသူများနှင့် အမေရိကန်တပ် အဓိကရုဏ်းဖြစ် တစ်ဦး သေဆုံး သုံးဦး ဒဏ်ရာရ

ကာဘာလာ ဇူလိုင် ၂၉

အီရတ်နိုင်ငံရှိ ရှီးယားမွတ်စလင်များ၏ အထွတ်အမြတ် မြို့တော်ကာဘာလာ၌ ဆန္ဒပြသူများနှင့် အမေရိကန်စစ်သား၊ အီရတ်ရဲတပ်ဖွဲ့ဝင်များအကြား တနင်္ဂနွေနေ့က အဓိကရုဏ်းဖြစ်ပွားရာ၌ အီရတ်တစ်ဦး သေဆုံးပြီး၊ သုံးဦး ဒဏ်ရာရသွားကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆေးရုံဝန်ထမ်းများက ပြောဆိုသည်။

ဆန္ဒပြစဉ် လူအုပ်ထဲမှ ကာလက်ရှ်နီကော့ဗ်ရိုင်ဖယ်ဖြင့် နှစ်ချက်ပစ်သဖြင့် ၎င်းတို့က ပြန်ပစ်ရခြင်းဖြစ်သည်ဟု အမေရိကန်မရိန်းတပ်သားများက ပြောဆိုသည်။

ကျောက်ခဲဖြင့်ပစ်ပေါက်

စနေနေ့က အမေရိကန်စစ်သားတို့ ပစ်ခတ်မှုကြောင့် အီရတ်တစ်ဦး သေဆုံးရမှုကို ဒေါသထွက်နေသည့်သူများက ကျောက်ခဲဖြင့် ပစ်ပေါက်သည်တွင် လူစုခွဲရန် အမေရိကန်တပ်သားများက သေနတ်မိုးပေါ်ထောင်ပစ်သည်ကို မြင်ရကြောင်း ရိုက်တာသတင်းထောက်များက ပြောဆိုသည်။ တနင်္ဂနွေနေ့က ကန့်ကွက်ဆန္ဒပြမှုတွင် လူတစ်ဦး အသတ်ခံရကြောင်း ဆေးရုံမှဆရာဝန်များက ပြောကြားပြီး ရိုက်တာသတင်းထောက်တစ်ဦးအား ဒဏ်ရာပြသလိုက်သည်။

ခြိမ်းခြောက်ရန်ပြု

စနေနေ့က သေဆုံးသည့် အီရတ်တစ်ဦးကို အမေရိကန်တပ်များက ပစ်ခြင်းဖြစ်ကြောင်း၊ အဘယ်ကြောင့်ဟူမူ ၎င်းက လက်နက်များကိုင်ဆောင်ထားပြီး ခြိမ်းခြောက်ရန်ပြုလာသည့်အတွက်ဖြစ်ကြောင်း အမေရိကန် မရိန်းတပ်အရာရှိက ပြောဆိုသည်။

စနေနေ့က အီရတ်တစ်ဦး သေဆုံးရသည့်အတွက် တနင်္ဂနွေနေ့တွင် အဓိကရုဏ်းဖြစ်ရခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မိန့်ခွန်းပြောကြား

ဇူလိုင် ၂၈ ရက်က ဘေဂျင်းမြို့တွင် ကျင်းပသည့် ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ (ဆားစ်) တိုက်ဖျက်ရေးညီလာခံ၌ တရုတ်သမ္မတ ဟူကျင်တောင် မိန့်ခွန်းပြောကြားနေစဉ်။ [တရုတ်ပြည်သည် စီးပွားရေး တိုးတက်မှုနှုန်းကို ထိန်းထားနေစဉ်မှာပင် ဆားစ်ရောဂါဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပိုးတိုက်ဖျက်ရေးတွင် အောင်မြင်မှု ရရှိနေသည်။] *(ဓာတ်ပုံ-ဆင်ဟွာ)*

ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၇၀ အကွာ ဘာကူဘာမြို့တွင် ကလေးဆေးရုံတစ်ရုံ၏ အပြင်ဘက်တွင် အမေရိကန်တပ်သားများ စောင့်ကြပ်နေစဉ်။ အဆိုပါဆေးရုံအရှေ့ဘက်ရှိ ပန်းခြံထဲသို့ ဖြတ်မောင်းသွားသည့် ကားတစ်စီးအတွင်းမှနေ၍ လက်ပစ်ဗုံးတစ်လုံး ပစ်သွင်းခဲ့သည့်အတွက် အမေရိကန် တပ်သားသုံးဦးသေဆုံးကာ လေးဦးဒဏ်ရာရခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်အစိုးရ အကြမ်းဖက်ပြီး မိုက်ရူးရဲလုပ် အရှေ့အလယ်ပိုင်းမူဝါဒ ဆီးရီးယားနိုင်ငံ ဝေဖန်

ဒမတ်စကတ် ဇူလိုင် ၂၈

အမေရိကန်အစိုးရသည် အကြမ်းဖက်ပြီး မိုက်ရူးရဲလုပ်နေကြောင်းနှင့် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အမေရိကန်၏မူဝါဒများကို အစ္စရေးနိုင်ငံက လွှမ်းမိုးနေကြောင်း ဆီးရီးယားနိုင်ငံက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ရှောင်ဖယ်ဖယ်

အမေရိကန်နိုင်ငံသည် အရှေ့အလယ်ပိုင်းရှိ ၎င်း၏အဓိကမဟာမိတ်ဖြစ်သည့် အစ္စရေးနိုင်ငံ စိတ်အနှောင့်အယှက်မဖြစ်စေရန် ဆီးရီးယားနှင့်ပြန်လည်သင့်မြတ်ရေးကို ရှောင်ဖယ်ဖယ်လုပ်နေကြောင်းဖြင့်လည်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဖာရောက်အယ်ရှာရာက စွပ်စွဲလိုက်သည်။

ဆီးရီးယားနိုင်ငံသည် အကြမ်းဖက်သမားများအား ခိုလှုံခွင့်ပေးပြီး အကူအညီပေးနေကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်က လွန်ခဲ့သည့်သီတင်းပတ်က စွပ်စွဲခဲ့ပြီး ယင်းကဲ့သို့ အားပေးကူညီသည့် မည်သည့်နိုင်ငံမဆို တာဝန်ယူရမည်ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။

ထည့်သွင်းထား

အမေရိကန်၏စွပ်စွဲချက်များကို ငြင်းဆိုထားသည့် ဆီးရီးယားနိုင်ငံသည် လက်ဘနွန်နိုင်ငံမှ ဟစ်ဇ်ဘိုလာပြောက်ကျားများနှင့် ပါလက်စတိုင်းအုပ်စုများအား ထောက်ခံသည့်အတွက် အကြမ်းဖက်ဝါဒအား ဦးစီးဦးဆောင်ပြုနေသည့် နိုင်ငံများစာရင်းထဲတွင် အမေရိကန်က ထည့်သွင်းထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆားစ်ရောဂါကြောင့် တရုတ်လယ်သမားများ ဝင်ငွေ အများအပြားထိခိုက်

ဘေဂျင်း ဇူလိုင် ၂၈

တရုတ်ပြည်ဒေသ အနှံ့အပြားတွင် ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ ဆားစ်ဖြစ်ပွားမှုကြောင့် တောင်သူလယ်သမားများ၏ ဝင်ငွေအများအပြား ထိခိုက်သွားခဲ့ရကြောင်း အမျိုးသားစာရင်းအင်းဌာနက လွန်ခဲ့သည့် ရက်သတ္တပတ်ကျော်က ပြောကြားလိုက်သည်။

ယခုနှစ် ဒုတိယအကြိမ်မြောက် သုံးလပတ်ကာလတွင် ကျေးလက်လယ်ယာလုပ်ငန်းများ၌ ဆားစ်ရောဂါဖြစ်ပွားမှုကြောင့် လယ်ယာလုပ်သားများ ငှားရခြင်းကို ရပ်ဆိုင်းထားခဲ့ရာ နှစ်အလိုက် ဝင်ငွေ ၂၆ ဒသမ ၅ ရာခိုင်နှုန်း စဉ်ဆက်မပြတ် ကျဆင်းခဲ့သည်ဟု ဆိုသည်။

အဆိုပါ တောင်သူလယ်သမားများသည် ဒုတိယအဆင့်နှင့် တတိယအဆင့် ဝန်ဆောင်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးလုပ်ငန်းများမှလည်း ဝင်ငွေ ၁၅ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ တရုတ်ပြည်မှ (၃၁)ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် မြူနီစီပါယ်ဒေသ အသီးသီးရှိ တောင်သူလယ်သမားအိမ်ထောင်စု ၆၈၀၀၀ တို့အား လေ့လာထားသည့် ဖော်ပြပါ စာရင်းအင်းဌာန၏ စစ်တမ်းအရ သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံပေါင်းစုံမှ တိုက်ခိုက်ရေးသမားများ အမေရိကန်တပ်သားများကို တိုက်ခိုက်နေ

ဝါရှင်တန် ဇူလိုင် ၂၈

အီရတ်နိုင်ငံသည် အကြမ်းဖက်သမားများ၏ အားကောင်းသော နားခိုရာဒေသကြီးအဖြစ် ရောက်ရှိနေပြီး ကမ္ဘာ့တစ်နံတစ်လျားရှိ နိုင်ငံပေါင်းစုံမှ တိုက်ခိုက်ရေးသမားများအား အမေရိကန်တပ်သားများကို တိုက်ခိုက်နိုင်သည့် အခွင့်အလမ်းရရှိစေရန် ဆွဲဆောင်လျက်ရှိနေကြောင်း အမေရိကန်ကြည်းတပ်ထိပ်တန်း တပ်မှူးတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ခေတ်မီဆန်းပြား

အမေရိကန်စစ်သားများအား ခေတ်မီဆန်းပြားစွာ တိုက်ခိုက်မှု အဆင့်အတန်းသည် လွန်ခဲ့သည့် ရက်ပေါင်း ၃၀ အတွင်း တိုးတက်မြင့်မားလာခဲ့ကြောင်း အီရတ်ရှိ ကြည်းတပ် ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ရှေးက ပြောကြားသည်။

သို့ရာတွင် ဆက်ဒမ်ဟူစိန်၏ သားနှစ်ဦးဖြစ်သည့် အူဒေးနှင့်ကူဆေးတို့ အင်္ဂါနေ့ ကသေဆုံးမှုသည် အီရတ်တို့၏ တွန်းလှန်တိုက်ခိုက်မှုကို အားနည်းစေနိုင်ကြောင်းဖြင့် ဆန်ရှေးက ပြောကြားသည်။ ရေတိုအားဖြင့်ကြည့်ပါက အီရတ် နိုင်ငံတစ်ဝန်းရှိ မိမိတို့ အမေရိကန်တပ်သားများနှင့် ရောင်းရင်းတပ်သားများအား တိုက်ခိုက်နေသည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း ဆမ်ရှေးက စီအင်အင်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

သို့ရာတွင် ဆက်ဒမ်ဟူစိန်၏ သားနှစ်ဦးအား ရှင်းလင်းသုတ်သင်ပစ်လိုက်ခြင်းသည် ရေရှည်တွင် အီရတ်နိုင်ငံ၌ လုံခြုံရေးနှင့် တည်ငြိမ်မှုအတင့်အသင့် ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်ဟု မိမိယုံကြည်ကြောင်းဖြင့် ဆန်ရှေးက ဆက်လက်ပြောကြားသည်။

အမေရိကန်တပ်သားများအား တိုက်ခိုက်ရန်အတွက် ဆက်ဒမ်ဟူစိန်၏ သစ္စာခံများကို ဒေသအသီးသီးမှ ပြည်ပတိုက်ခိုက်ရေးသမားများက ကူညီပံ့ပိုးလျက်ရှိကြကြောင်း ဆန်ရှေးကပြောကြားသည်။ သို့ရာတွင် ၎င်းက မည့်သည့်နိုင်ငံများမှ တိုက်ခိုက်ရေးသမားများဟု ထုတ်ဖော်ပြောကြားခြင်းမရှိသလို ၎င်းတို့ကို ကြိုးကိုင်လှုပ်ရှားသည့် မည်သည့်နိုင်ငံမှ အထောက်အထားများ ရရှိမထားကြောင်းကိုပါ ပြောကြားသည်။

မိမိတို့ အီရတ်နိုင်ငံနှင့်ပတ်သက်၍ ပြဿနာသောင်းခြောက်ထောင်နှင့် ကြုံတွေ့နေရကြောင်းကို မိမိတို့ သိရှိနားလည်ထားကြောင်း၊ မိမိတို့တွင် အကြမ်းဖက်လှုပ်ရှားမှုနှင့် ရင်ဆိုင်နေရပြီး ယခင်အစိုးရဟောင်း၏ ခေါင်းဆောင်များနှင့်လည်း ဆုံစည်းနေရကြောင်း၊ မိမိတို့ ရာဇဝတ်သားများနှင့် မိမိတို့စစ်သားများအား နေ့စဉ်နီးပါး တိုက်ခိုက်နေသူ ကြေးစားလူသတ်သမားများနှင့်လည်း နဖူးတွေ့ဒူးတွေ့ တွေ့ကြုံနေရကြောင်း ဆမ်ရှေးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ချစ်ကြည်ရေးပွဲ

ဇူလိုင် ၂၇ ရက်က ဟောင်ကောင်တွင် ဟောင်ကောင်ဘောလုံးအသင်းနှင့် ချစ်ကြည်ရေးပွဲကစားပြီးနောက် ဆုချီးမြှင့်ပွဲတွင် ဆုဖလားကြီးကိုင်ထားသည့် ဗြိတိန်နိုင်ငံမှ လီဗာပူးကလပ်အသင်း တိုက်စစ်မှူးမိုက်ကယ်အိုဝင်အားတွေ့ရစဉ်။ (ထိုပွဲတွင် လီဗာပူးက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။)

(ဓာတ်ပုံ-ဆင်ဟွာ)





ဘဂ္ဂဒက်မှ တီကရစ်မြို့အထိကျယ်ဝန်းသည့်ဒေသ စစ်နယ်မြေအတွင်းတည်ရှိနေဆဲဟု ရစ်ချတ်မေယာ ပြောဆို

နယူးဒေလီ ဇူလိုင် ၂၉

အီရတ်နိုင်ငံအလယ်ပိုင်း ဘဂ္ဂဒက်မြို့မှ တီကရစ်မြို့အထိ ကျယ်ဝန်းသော နယ်မြေဒေသသည် စစ်နယ်ဝန်းအဖြစ် တည်ရှိနေဆဲဖြစ်သည်ဟု အမေရိကန်ဗိုလ်ချုပ်ကြီး ရစ်ချတ်ဘီမေယာက အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေစဉ် နယူးဒေလီ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အီရတ်နိုင်ငံ၌ ဖြစ်ပွားသော လုံခြုံရေးပြဿနာအစုစု၏ ၈၀ ရာခိုင်နှုန်းသည် အထက်တွင် ဖော်ပြခဲ့သော အလယ်ပိုင်းဒေသအတွင်း၌ သာဖြစ်ပေါ်နေခြင်းဖြစ်သည်။ ဤဒေသကို စစ်နယ်ဝန်းဟု ခေါ်သင့်သည်။ တကယ့်ကို စိန်ခေါ်မှုပေါပြီး ခက်ခဲသည့်ပတ်ဝန်းကျင်ပါဟု အမေရိကန်များကို ပြောက်ကျားစစ်ဆင် တိုက်ခိုက်ခံနေရသော ကိစ္စများကို ရည်ညွှန်း၍ ဗိုလ်ချုပ်ကြီးက ပြောကြားခြင်းဖြစ်သည်။

၎င်းက ဆက်လက်၍ မိမိ၏ ပြောစကားများသည် သမ္မတ၏ ပြောကြားချက်များနှင့် ဆန့်ကျင်ခြင်းမရှိပါဟု ဆိုသည်။ သမ္မတဘုရှ်က အီရတ်တွင် အဓိကစစ်ပွဲကြီး ပြီးဆုံးသွားပြီဟု မေလ ၁ ရက်က ကြေညာခဲ့သည်။

စစ်ရေးအရပြောမည်ဆိုလျှင် ကျွန်ုပ်တို့အမေရိကန်များသည် အီရတ်၌ ရှုံးနိမ့်မည်မဟုတ်။ ကျွန်ုပ်တို့သည် အီရတ်တွင် အလုပ်ပြီးသည်အထိ နေထိုင်သွားမည်ဖြစ်သည်ဟု ဗိုလ်ချုပ်ကြီးမေယာက ဆိုသည်။

အမေရိကန်လေ့လာစိစစ်သူများက အီရတ်တွင် ဖြစ်ပွားနေသော ဆန့်ကျင်တိုက်ခိုက်မှုများမှာ ပြုတ်ကျသွားသော ဆက်ဒမ်၏အဖွဲ့မှ အကြွင်းအကျန်များ၊ ဘာ့သ်ပါတီဝင်များ၊ ရီပတ်ဘလီကန်တပ်ဖွဲ့ဝင်များ၊ ယခင်အစိုးရက အကျဉ်းထောင်များမှ လွှတ်ပေးခဲ့သော ရာဇဝတ်သားများနှင့် ပြည်ပမှဝင်ရောက်လာကြသော တိုက်ခိုက်ရေးသမားများကြောင့် ဖြစ်သည်ဟု သုံးသပ်ကြသည်။ သို့သော် ဗိုလ်ချုပ်ကြီးမေယာက အချက်အလက်အသေးစိတ်ကိုမူ ထည့်သွင်းပြောကြားခဲ့ခြင်းမရှိပေ။

ဗိုလ်ချုပ်ကြီး၏ အိန္ဒိယခရီးစဉ်ကို လွန်ခဲ့သော သုံးလကြာကတည်းက စီစဉ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ခရီးစဉ်အတွင်း အိန္ဒိယ-အမေရိကန်စစ်ရေးပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဆွေးနွေးခဲ့ပြီးနောက်ပိုင်းတွင် ပါကစ္စတန်နိုင်ငံသို့ ခရီးဆက်မည်ဖြစ်သည်။

ဗိုလ်ချုပ်ကြီးမေယာ၏ ခရီးစဉ်အတွင်း အီရတ်နိုင်ငံသို့ အိန္ဒိယတပ်များ စေလွှတ်ပေးရန် တိုက်တွန်းဆွေးနွေးခဲ့ခြင်း မရှိဟုသိရသည်။

အင်တာနက်။

ကာမ်းမမြင် လမ်းမမြင် (၂)

ခင်ညို

၁၉၈၈ခုနှစ် အရေးအခင်းကာလတစ်လျှောက် ဒီမိုကရေစီတောင်းဆိုသံများ ပွက်လောရိုက် ပေါ်ထွက်လာခဲ့သည်ကို အားလုံးအသိပါပဲ။ ဒီမိုကရေစီ တောင်းဆိုမှုသည် အပြစ်ပြောဖွယ်ရာ မဟုတ်ပါပေ။ သို့သော် အမှောင့် ပယောဂတွေ ပူးကပ်ပြီး–

“ . . . ဒီမိုကရေစီ ချက်ချင်းပေး”

“ . . . ရရင်ရ . . . မရရင်ချ . . . ”

ဆိုသည်မျိုးတွေကတော့ သဘာဝမကျတော့ပေ။ ပြည်သူတွေ ဒီမိုကရေစီ လိုချင်ကြသည်ဆိုသော ကြွေးကြော်သံဖြင့် လက်ဝဲ၊ လက်ယာ အင်အားစုများ အားလုံး ဒီမိုကရေစီကို ရှေ့တန်းတင်ပြီး လှုပ်ရှားတိုက်ပွဲအသွင် ဖန်တီးခဲ့ကြသည်ကို အားလုံးအသိပင်။ **လမ်းစဉ်ပါတီ** အစိုးရက သုံးလအတွင်း ရွေးကောက်ပွဲ လုပ်ပေးပါမည်ဟု ပြောရာကိုပင် လက်မခံဘဲ ဒီမိုကရေစီ ဖော်ဆောင်ပေးမည့် **ကြားဖြတ်အစိုးရ** အဖွဲ့တစ်ခုဖွဲ့ပေးရန် တောင်းဆိုခဲ့ကြသည်။ ထိုတောင်းဆိုချက်မှာ ပြည်ပပယောဂမကင်းသည့် တောင်းဆိုချက်။ ဦးဆောင်တောင်းဆိုသည့် သူတွေကိုယ်တိုင်က ကြားဖြတ်အစိုးရလုပ်ဖို့ အစီအမံ အခင်းအကျင်းများ ရှိပြီးသား။

ထိုအခြေအနေများသည် လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလ မြန်မာ့နိုင်ငံရေး သမိုင်းတွင် အပြင်းအထန်ဆုံးနိုင်ငံရေး အာဏာလုပွဲကြီးဟု ပြောနိုင်သည့် အနေအထား။တောမီးက တဟုန်းဟုန်းလောင်သည့်အတွက် တောကြောင်များကလည်း လက်ခမောင်းတွေ တဖြောင်းဖြောင်းခတ်။ လူမျိုးရေးဝါဒီတွေကလည်း ဖယ်ဒရယ်မှုကို ရှေ့တန်းပြန်တင်။ တချို့ဘဝမမှန်သည့် နိုင်ငံရေး အစုအဖွဲ့များဆိုလျှင် နိုင်ငံရေးအကျပ်ကိုင်သည့်နည်းများ မဆင်မခြင်သုံးပြီး လူထုအုံကြွမှုမှတစ်ဆင့် မင်းမဲ့စရိုက်ဆိုးကြီး လွှမ်းမိုးအောင် ပြည်သူများကို ချောက်ထဲ တွန်းချခဲ့သည်။ ဤသို့လုပ်၍ ဒီမိုကရေစီဖြစ်လာမည်လား။

စင်စစ်တော့ ဒီမိုကရေစီဆိုသည်မှာ သက်ဆိုင်ရာ နိုင်ငံ၏ ပကတိအခြေအနေပေါ်မှာသာတည်မှီပြီး ရုပ်လုံးဖော်ရစမြဲ မဟုတ်ပါလော။အခြေခံလိုအပ်ချက်တွေကအများကြီး။မယုံလျှင် အနီးကပ်ဆုံးအခြေအနေတွေဖြစ်သည့်အာရှနိုင်ငံများ၏ ဒီမိုကရေစီဖြစ်ပေါ်မှုပုံစံကို လေ့လာကြည့် ။ တစ်နိုင်ငံနှင့် တစ်နိုင်ငံဘယ်မှာ တူပါသနည်း။အနောက်နိုင်ငံများ၏ ဒီမိုကရေစီဖြစ်ပေါ်မှုများနှင့်ဆို ပို၍ဝေးသေး။

အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ပါကစ္စတန်၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ကိုရီးယား၊ ဖိလစ်ပိုင် အစရှိတဲ့ အာရှဒီမိုကရေစီပုံစံများကို လေ့လာကြည့်လျှင် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို သူ့စတိုင်လ်နဲ့သူ။ ဒီမိုကရေစီစနစ်က ပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးနိုင်သည်ဆိုပါလျှင် ဖော်ပြခဲ့သည့် အာရှဒီမိုကရေစီနိုင်ငံများအားလုံးသည် အခုအချိန်အခါတွင် ရာနှုန်းပြည့် ငြိမ်းချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်နေမှာမလွဲပင်။သို့သော် ထိုနိုင်ငံများအားလုံးတွင် အကင်းမသေ အမြစ်မပြတ်သေးသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာ အကျပ်အတည်းများ ကိုယ်စီကိုယ်င ရှိကြဆဲ။ ဒီမိုကရေစီဘိုးအေ၊ဘွားအေဆိုသော နိုင်ငံကြီးများ၌ပင်လျှင် ခြောက်ပြစ်ကင်းသဲလဲစင် ဖြစ်ခဲ့သည်မဟုတ်။ သူ့ပြဿနာနှင့်သူ ရှိနေကြဆဲ။

ဥပမာတစ်ခုပြောရလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြဿနာနဲ့ ပတ်သက်၍ အင်မတန်မှ နားအေးပါးအေးရှိလှပြီး လက်ဝဲကျသည့် တစ်ယူသန်တဇောက်ကန်းသမားများလည်း မရှိသလောက်ကို ရှားပါးလှသည့် ထိုင်းနိုင်ငံကိုသာကြည့်။ ဒီမိုကရေစီ ရှင်သန်ထွန်းကားရန်အတွက် မည်မျှအချိန်တွေ ယူခဲ့ရသနည်း။ ရာစုနှစ်တစ်ခုနီးပါး အသေအလဲလုပ်ခဲ့ရခြင်းဖြစ်၏။ သို့တစေ တင်းပြည့်ကျပ်ပြည့် ဖြစ်သေးသည်မဟုတ်။ ဆိုလိုသည်မှာ ယနေ့ အသွင်ကူးပြောင်းရေးကာလကို တာဝန်ယူထားရသည့် တပ်မတော်အစိုးရအနေဖြင့် စာရေးသူတို့မြန်မာနိုင်ငံတွင် ဒီမိုကရေစီရှင်သန်ထွန်းကားရေးအတွက် အခြေအနေအရပ်ရပ်ကို ပြုပြင်ပြောင်းလဲပေးရမည့်အလုပ်မှာ ရှော့အင့် လုပ်လို့ရသည့် ကိစ္စမျိုး မဟုတ်ဘူးဆိုသော အချက်ပင်။

သမိုင်းနှင့်ချိန်၍ ပြောရလျှင် ယနေ့အသွင်ကူးပြောင်းရေးကာလကို အကောင်အထည်ဖော်ပေးနေသည့် တပ်မတော်ဆိုသည်မှာ သမိုင်းစဉ်တစ်လျှောက် ပြည်သူတို့၏ မျှော်မှန်းလိုလားချက်ကို အမျိုးသားရေးဦးတည်ချက်အဖြစ် ရည်မှန်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာချည်း ဖြစ်သည်။ ယခုလည်း တိုင်းပြည်တိုးတက် ငြိမ်းချမ်းသာယာစေမည့် ဒီမိုကရေစီပုံစံကို နိုင်ငံတော်၏ တာဝန်အရပ်ရပ် စတင်ယူချိန်ကစ၍ ချမှတ်ခဲ့သည်ကို စာရေးသူတို့ မငြင်းပယ်နိုင်ပေ။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်တစ်ရပ် ထူထောင်နိုင်ရန် ပါတီစုံစနစ်ကို အကောင်အထည်ဖော်ပေးခဲ့သည်။ နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်အောင် ဥပဒေပြဋ္ဌာန်းပေးခဲ့သည်။ သို့သော် ပါတီစုံစနစ်ပေါ်တွင် အခြေခံသည့် လူမှုနိုင်ငံရေးစနစ်တစ်ရပ်အတွက် ရေရှည်တည်တံ့ ခိုင်မြဲစေမည့် အခြေခံဥပဒေတစ်ရပ် လိုနေသေး၏ ။

ဤနေရာတွင် ပြောစရာရှိလာသည့်တစ်ခုက ရွေးကောက်ပွဲကိစ္စ။ ရွေးကောက်ပွဲ ကျင်းပခဲ့ခြင်းမှာ လွှတ်တော်ဖွဲ့စည်းဖို့နှင့် အာဏာလွှဲပေးရန် မဟုတ်။ စာရေးသူအနေဖြင့် ဤသို့နားလည်မိသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ တစ်ရပ်မရှိဘဲနှင့် လွှတ်တော်ဆိုတာကြီးကို အဘယ်သို့ ဖွဲ့ကြမည်နည်း။ အဘယ်မှာလဲ လွှတ်တော်ခေါ်ယူ ဖွဲ့စည်းနိုင်မည့် စည်းမျဉ်းစည်းကမ်းဥပဒေ။ စာရေးသူတို့ နိုင်ငံက နိုင်ငံရေးသမားဆိုသော ပုဂ္ဂိုလ်အနေဖြင့် လွှတ်တော်ဖွဲ့စည်းခြင်းဆိုသည်မှာ အခြေခံဥပဒေ ပေါ်ပေါက်ပြီးမှ ဖြစ်နိုင်သည့် ကွင်းဆက်လုပ်ငန်းစဉ် ဖြစ်သည်ဆိုခြင်းကို သဘောမပေါက်မှုအပေါ် စာရေးသူအနေဖြင့် အံ့သြ၍မဆုံး ဖြစ်ခဲ့ရသည်။

နိုင်ငံတော်တစ်ခု တည်ဆောက်ရန်ဆိုသည့်ကိစ္စမှာ အမျိုးသားရေးလုပ်ငန်းစဉ်ကြီးများဟူသည် ရှိစမြဲပင်။ စာရေးသူတို့နိုင်ငံအတွက် အတိတ်ကဖြစ်ရပ်ဖြစ်စဉ်တွေအရ ပစ္စုပ္ပန်တွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များမှာ သူ့အဆင့်နဲ့သူ ရှိနေသည်။ ဒီမိုကရေစီရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဒီမိုကရေစီရေးသည် တတိယဆိုသည်မှာ လူကြားကောင်းအောင် စားကောင်းသောက်ကောင်း အော်နေခြင်းသာဖြစ်သည်။ “ဝ”မရှိဘဲ “ဝိ”လုပ်၍မှ မရသည့် ဥစ္စာ။ အတိတ်သမိုင်းကြောင်း၏ သင်ခန်းစာတွေအရ ဖြစ်သင့်သည်မှာ–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ခိုင်မာအောင် ထူထောင်တည်ဆောက်ရေးက ပထမဦးစားပေး လုပ်ငန်းစဉ်။**
- **ဈေးကွက်စီးပွားရေးအတွက် ကောင်းမွန်သည့် အခြေခံများ ချမှတ်ရေးဆိုသည့် တည်ငြိမ်ရေးနှင့် ခေတ်မီရေးက ဒုတိယဦးစားပေး လုပ်ငန်းစဉ်။**
- **စည်းကမ်းပြည့်ဝပြီး တိုင်းပြည်ကို ကောင်းကျိုးဖြစ်ထွန်းစေမည့် ဒီမိုကရေစီစနစ်ကို တပ်မတော်၊ ပြည်သူနှင့် နိုင်ငံရေးပါတီများအားလုံး ဝိုင်းဝန်းအကောင်အထည်ဖော်ရေးက တတိယဦးစားပေး လုပ်ငန်းစဉ်။**

ထိုလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် တစ်ရစ်ပြီးတစ်ရစ် ညီညီနိူင်းနိူင်း တိုင်တိုင်ပင်ပင်နှင့် ဟန်ချက်ညီ ပေါင်းစပ် အကောင်အထည်ဖော်ကြရမှာ မဟုတ်ပါလော။ ငါတကောကောပြီး လုပ်လို့ရသည့် ကိစ္စမျိုးတွေမဟုတ်။

ဤနေရာတွင် ပြောစရာရှိလာသည်တစ်ခုက စာရေးသူတို့နိုင်ငံမှ နိုင်ငံရေးသမားဆိုသော လူပုဂ္ဂိုလ် တော်တော်များများသည် စည်းနှင့်ကမ်းနှင့် နည်းမှန်လမ်းမှန် နိုင်ငံရေးလုပ်သည့်အကျင့် အလွန်ရှားပါးကြပြီး ထစ်ခနဲရှိ ထိပ်တိုက်ရင်ဆိုင် ပြဿနာရှာပြီး ဆူပူဆန္ဒပြမှုများဖြစ်အောင် လူထုကို တစ်ဖက်လှည့်ဖြင့် အသုံးချဖို့လောက်သာ ဆန္ဒပြင်းပြနေကြသည်။ သို့အတွက်စာရေးသူတို့နိုင်ငံတွင် ဒီမိုကရေစီရှင်သန်ထွန်းကားရေးအတွက် ဘယ်လိုအင်အားစုတွေက ဘယ်လိုစနစ်တကျ ဆောင်ရွက်ခဲ့ပြီး အဘယ်သို့သော အင်အားစုများက ဘယ်ကဲ့သို့ စနစ်တကျ ဆောင်ရွက်ခဲ့ပြီး အဘယ်သို့သော အင်အားစုများက အဘယ်သို့တာဝန်မဲ့ လုပ်ဆောင်ခဲ့သနည်း ဆိုခြင်းများကို ပြန်၍ အစကောက် လေ့လာကြည့်သင့်သည်။

၁၉၈၈ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့သည့် အရေးအခင်းမှာ ရန်ကုန်မြို့တစ်ခုတည်းမှာသာမဟုတ်ဘဲ နိုင်ငံအနှံ့အပြား မြို့နယ်များတွင်ပါ ဖြစ်ပွားခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများမှာ ထိတ်လန့်စရာအခြေအနေအထိ ကြုံတွေ့ခဲ့ရသည်။ အချို့မြို့ရွာများ၌ဆိုလျှင် ပုဒ်မ–၁၄၄ ထုတ်ပြန်ရသည့်အထိ ဆိုးရွားသည်ကို မှတ်မိကြပေလိမ့်မည်။

ထို့ကြောင့် ထိုစဉ်တုန်းက ရန်ကုန်မြို့တော်အပါအဝင် မြန်မာနိုင်ငံအနှံ့ ဖြစ်ပေါ်ပြီး၊ဖြစ်ပေါ်ဆဲ အခြေအနေများနှင့် ပတ်သက်၍ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက နိုင်ငံတော်အစိုးရနှင့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား နိုင်ငံတော် အေးချမ်းသာယာရေးအတွက် အကြမ်းဖက်မှုများ မဖန်တီးကြရန် မေတ္တာရပ်ခံခဲ့သည့်နည်းတူ မွတ်စလင်၊ ဟိန္ဒူနှင့် ခရစ်ယာန်ဘာသာ အဖွဲ့အစည်းများကလည်း ပြည်သူလူထုကို အလားတူ မေတ္တာရပ်ခံခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆူပူဆန္ဒပြသူများ၊ လှုံ့ဆော်သူများ၊ အကြမ်းဖက်လုပ်ရပ် ကျူးလွန်သူများ ဆက်လက်များပြားလာခြင်းကြောင့် နိုင်ငံတော်၏ ထိုစဉ်တုန်းက လက်ရှိအခြေအနေနှင့် အကြမ်းဖက်လာမှုများကြောင့် ပြည်သူများ၏ စားဝတ်နေရေး ထိခိုက်လာမှုကို ဖော်ပြပြီး နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ မေတ္တာရပ်ခံချက်နှင့်အညီ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် နှစ်ဦးတို့က နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တပ်မတော်တွင် တာဝန်ရှိသည့်အကြောင်း၊ သို့အတွက် ပေးအပ်သည့်တာဝန်များကို လိုက်နာရမည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း တရားဥပဒေဘောင်အတွင်းကနေ အေးအေးချမ်းချမ်းနှင့် မိမိတို့၏ လိုလားချက်များကို တောင်းဆိုသွားရန်၊ မင်းမဲ့စရိုက်များ မပြုလုပ်ရန် ဆိုသည်များ တင်ပြ နှိုးဆော်ခဲ့သည်။ အားလုံးအသိပင်။

ထို့သို့ အခြေအနေများ ရှုပ်ထွေးနေစဉ်ကာလအတွင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပါတီဗဟိုကော်မတီ (၁၁)ကြိမ်မြောက် အစည်းအဝေးကို ၁၉၈၈ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင်ကျင်းပပြီး နေ့လယ်ပိုင်းတွင် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ပါသည်။ ထိုအရေးပေါ် အစည်းအဝေးတွင် နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ မူဝါဒလမ်းညွှန်မှုများ၊ ပြုပြင်ပြောင်းလဲရေးနှင့် ရေတိုရေရှည် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ယခုကဲ့သို့ တင်ပြခဲ့သည်ကို လေ့လာသင့်ပေသည်။

“... လက်ရှိဖြစ်ပေါ်နေသော ပြဿနာကို နိုင်ငံရေးနည်းအား နိုင်ငံရေးနည်းဖြင့်သော်လည်းကောင်း၊ စီးပွားရေးကို စီးပွားရေးနည်းဖြင့်သော်လည်းကောင်း ဖြေရှင်းရင်း လူမှုရေးအခြေအနေကောင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ရေတိုရေရှည် ဆောင်ရွက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းကူညီရန်လိုကြောင်း၊ ကူညီရာတွင်လည်း တရားဥပဒေဘောင်အတွင်းမှ တင်ပြလာမည့် ပြည်သူများ၏ လိုလားချက်၊ တောင်းဆိုချက်များကိုသာ လက်ခံစဉ်းစားသွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ပြည်သူများ၏ တင်ပြချက်အချို့ကို လက်ခံရရှိနေပြီဖြစ်သော်လည်း ပိုမိုလျင်မြန် ကျယ်ပြန့်စွာ လေ့လာနိုင်ရန်အတွက် ပြည်သူ့ဆန္ဒ လေ့လာစုံစမ်းရေးကော်မရှင် တစ်ရပ်ကိုလည်း ဤလွှတ်တော်မှ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တင်ပြချက်များနှင့် လေ့လာရရှိချက်များကို စိစစ်ပြီး ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း”

ထိုတင်ပြချက်ကို လေ့လာကြည့်လိုက်မယ်ဆိုလျှင် ထိုကာလ တည်ဆဲအစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပကတိအခြေအနေများကို မှန်မှန်ကန်ကန် သုံးသပ်ပြီး အားသွန်ဆောင်ရွက်ရန် ရည်ရွယ်ထားသည်ဆိုခြင်းကို အထင်အရှားတွေ့ရပေလိမ့်မည်။

သို့သော်

ဆူပူမှုအရှိန်များက လျော့မသွားခဲ့ပေ။ သို့နှင့် **ပြည်သူ့ဆန္ဒ လေ့လာစုံစမ်းရေးကော်မရှင်**ကို ဖျက်သိမ်းပြီး **ပြည်သူ့ဆန္ဒခံယူပွဲ** ကျင်းပပေးရန် တစ်မျိုးစီစဉ်ရပြန်သည်။ ဤသည်ကိုလည်း လက်မခံကြပြန်ပေ။ **ကြားဖြတ်အစိုးရ ဖွဲ့စည်းရေး** ဟူ၍ တစ်ဆင့်တိုးလာပြန်သည်။

နိုင်ငံတော်အတွင်း အစည်းပြေပြီး ညီညွတ်မှုပြိုကွဲနိုင်သည့် အခြေအနေများ၊ ပြည်ပနိုင်ငံကြီးအချို့က နိုင်ငံအတွင်းရှိ အာဏာရလိုသူ (အရေးအခင်းကာလ လူထုခေါင်းဆောင်ဆိုသူ)များကို အသုံးချ၍ စွက်ဖက် ခြိမ်းခြောက်သည့် နည်းလမ်းများဖြင့် မြန်မာနိုင်ငံကို ၎င်းတို့၏လက်အောက်ခံ အခြွေအရံနိုင်ငံတစ်နိုင်ငံအဖြစ် သွတ်သွင်းရန် ဆောင်ရွက်လာသည့် အတိတ်နိမိတ်များကြောင့် မူလစီစဉ်ထားသည့်ရက်အစား စက်တင်ဘာလ ၁၀ ရက်နေ့တွင် အရေးပေါ် ပါတီညီလာခံကို ကျင်းပခဲ့ရသည်။ ထိုညီလာခံကမှ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပ ပြုလုပ်ပေးခြင်း မရှိတော့ဘဲ ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲ ကျင်းပရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ပွဲသိမ်းမည့် အစီအစဉ်။

ထိုစဉ်တုန်းက ထိုသတင်းကို ကြားလိုက်မိသည့် စာရေးသူအနေဖြင့် ကိုယ့်နားတောင် ကိုယ်မယုံချင် သလိုလို ဖြစ်သွားခဲ့ရသည်။ နည်းနည်းနောနော လိုက်လျောမှုမျိုးမဟုတ်။ အင်မတန် ပြုပြင်ရန် ခဲယဉ်းလှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရပ်တည်နေသည့် တစ်ပါတီစနစ်မှသည် ပါတီစုံစနစ်သို့ အစည်းအဝေးတစ်ရက်တည်းလုပ်ပြီး ပြောင်းလဲပေးလိုက်ခြင်းသည် ပါတီစုံနိုင်ငံရေးသမားများအတွက် ကံစမ်းမဲပေါက်တာထက်ကို ထူးခြားသည့် အခွင့်အရေးဟု ဆိုထိုက်လှသည်။

သို့သော်ကျေးဇူးရှင် နိုင်ငံရေးသမားကြီးများက ထိုသို့ အချိန်တိုတိုအတွင်း ငြိမ်းငြိမ်းချမ်းချမ်းဖြင့် အသွင်ကူးပြောင်းပေးခဲ့သည်ကိုပင် မစောင့်နိုင်၊ မအောင့်နိုင်တော့ဘဲ **ကြားဖြတ်အစိုးရ** မှ **ကြားဖြတ်အစိုးရ** လုပ်လာကြသည်။ နေ့ချင်း၊ ညချင်းကို နိုင်ငံတော်၏ အာဏာလိုချင်နေကြခြင်းပင်။ ထိုစဉ်ကသာ ထိုကိစ္စကို ရေလိုက် ငါးလိုက် လုပ်ခဲ့လိုက်လျှင် ယနေ့အခြေအနေအရပ်ရပ်သည် ယခုလိုဖြစ်လာမှာ မဟုတ်တော့ပေ။ ။ **(ဆက်လက်ဖော်ပြပါမည်)**

အရှိကိုသိအောင်ကြည့်မှ

* အသံကြားရုံနဲ့
အမှန်လား မပြောနိုင်ပါ၊
အရှိကိုမြင်အောင်ကြည့်မှ
မှန်၏လို့ ပြောနိုင်တာ။
* ရှစ်ဆယ့်ရှစ် ဟိုချိန်ခါ
ကြားတာတွေ အဟုတ်မှတ်
လုပ်ဇာတ်ကို အမှတ်ထင်
နားဝင်လို့ လှုပ်ရှား၊
မှားမိတဲ့ ဒီဒဏ်ဟာ
မြို့ပြည်ရွာ ပျက်ကာပြုန်းလို့
တို့သူငါ အသက်မဆုံးရအောင်
ရှောင်ပုန်းကာ ပြေးကာလွှား
ကျီးလန့်စာစား။
* မှားသမျှ ဒီအရာ
မေ့ပစ်စရာမဟုတ်၊
ပြန်လှန်ကာ အဖြေထုတ်လို့
သင်ခန်းစာလုပ်။
* သင်ခန်းစာစွဲကိုင်
ရှောင်နိုင်ရန် တန်တန်ဘေး၊
မြော်တွေးအမှန်သိစေဖို့
အရှိကိုမြင်အောင်ကြည့်လို့
အသိယှဉ်ဆင်ခြင်တွေး
ဘေးကင်းလိမ့်လေး။ ။

ပျံလွှား

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။ မျိုးချစ်တပ်မတော်
၄:၄၅	၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
၄:၅၅	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ဒုတိယနှစ်(ဒဿနိကဗေဒ) (ခ) ဒုတိယနှစ် (ဝါဏိဇ္ဇဗေဒ)
၅:၃၅	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံ့တကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အတ္တဝါချစ်သူ (အပိုင်း–၁၁)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ **မင်းကွန်းဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (အဋ္ဌမဆယ်စုနှစ်) (အပိုင်း–၃)**
	၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း မိုးကြိုးကွန်ရက်နှင့်လျှပ်စီးခား (အပိုင်း–၁၇)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

☆ ကျောဖုံးမှ

အသုံးပြုနိုင်ရေး စေတနာထား ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်၏ လောင်စာစွမ်းအင် အသုံးပြုစက်ရုံ၊ အလုပ်ရုံများအတွက် ကျောက်မီးသွေးများကို ဆက်လက်၍ ကြိုးစားရှာဖွေဖော်ထုတ်သွားရန်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူးနှင့် အဖွဲ့သည် ကျောက်မီးသွေးပေါ်ကွက်အတွင်း စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျောက်မီးသွေးလုပ်ကွက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူးနှင့်အဖွဲ့သည် လားရှိုးမြို့အတွက် နားလျှံဒေသ ကျောက်မီးသွေး ရှာဖွေတူးဖော် ထုတ်လုပ်ရေး လုပ်ကွက်နေရာသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တိုင်းမှူးက ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ နယ်မြေဒေသအသီးသီးတွင် ကျောက်မီးသွေး ရှာဖွေဖော်ထုတ်မှု အခြေအနေများ၊ ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးမျိုးကြင်က ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသအတွင်း နိုင်ငံတော်အတွက် စွမ်းအင်ကဏ္ဍကို အထောက်အပံ့ ဖြစ်စေရန်နှင့် စက်မှုကုန်ကြမ်းအဖြစ် အသုံးပြုရန် ကျောက်မီးသွေးများ ရှာဖွေတူးဖော်မှု အခြေအနေ၊ နားလျှံဒေသ ကျောက်မီးသွေး တူးဖော်ထုတ်လုပ်မှုအခြေအနေများကို လည်းကောင်း၊ ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းမှ ဦးစီးအရာရှိ ဦးစိန်ဝင်းက ကျောက်မီးသွေး ဓာတ်ခွဲစမ်းသပ်မှု၊ နားလျှံဒေသရှိ ကျောက်မီးသွေး အရည်အသွေးနှင့် မြေအောက်ရှိ ကျောက်မီးသွေးပမာဏ၊ ထွက်ရှိနိုင်မည့် အလားအလာများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောက်မီးသွေးကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော်၏ စက်ရုံ၊ အလုပ်ရုံများတွင် လိုအပ်သလို အသုံးပြုနိုင်ရေး ကြိုးစားရှာဖွေဖော်ထုတ်သွားကြရေး ဆွေးနွေးမှာကြားကာ နားလျှံဒေသ ကျောက်မီးသွေး ပေါ်ကွက်အတွင်း စက်ယန္တရားကြီးများဖြင့် တူးဖော်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မိုးသီးနှံစိုက်ပျိုးရေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူးနှင့် အဖွဲ့သည် လားရှိုးမြို့အတွက် ဘိန်းအစားထိုး မိုးသီးနှံ စိုက်ပျိုးရေးဇုန် ဧက ၁၀၀၀ စီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဘိန်းအစားထိုး ဆင်းရွှေလီ အထူးအထွက်တိုး စပါး၊ မြေပဲ၊ပဲပုပ်၊ ပဲစင်းငုံ၊ သစ်ဆိမ့်၊ ကော်ဖီ၊ နေကြာ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးလုပ်ငန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်က ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးပြီးစီးမှု၊ ဆီထွက်နေကြာများ ရိတ်သိမ်း ဆောင်ရွက်မည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက သီးနှံများကိုအထူးအထွက်တိုး မျိုးကောင်း မျိုးသန့်များ အသုံးပြုစိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဒေသအတွင်း မျိုးကောင်း မျိုးသန့်များ ဖြန့်ဖြူးနိုင်ရေးအတွက် စံပြစိုက်ကွင်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဓာတ်မြေဩဇာများနှင့် ဒေသန္တရ မြေဩဇာများ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သုံးစွဲစိုက်ပျိုးဆောင်ရွက်ရေး၊ သီးနှံ အမျိုးအစားအလိုက် ရေတော်မိုးတော် အချိန်ကိုက် စိုက်ပျိုးရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး ဂရုပြုကြီးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဘိန်းအစားထိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူးနှင့် အဖွဲ့သည် စိုက်ပျိုးရေးမျှော်စင်မှ အထူးအထွက်တိုး မိုးမြေပဲနှင့်နေကြာသီးညှပ်ဧက ၁၂၀ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေကိုလည်းကောင်း၊ လုပ်ငန်းခွင်အတွင်းရှိ ပဲပုပ်နှင့်နေကြာသီးညှပ်ဧက ၁၀၀ စံပြစိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း၊ စိုက်ပျိုးရေးဇုန်အတွင်း ကော်ဖီ၊ ပဲစင်းငုံ၊ မိုးမြေပဲနှင့် မက္ကာဒေးမီးယား ပျိုးပင်များ ဖြစ်ထွန်းအောင်မြင်မှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကုန်းမြင့်ရှုပ်နေရာမှ ဖြစ်ထွန်းအောင်မြင်နေသော ဘိန်းအစားထိုး မိုးသီးနှံဧက၁၀၀၀ စိုက်ခင်းကြီးကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူးနှင့် အဖွဲ့သည် လုပ်ငန်းခွင်အတွင်းရှိ ဆင်းရွှေလီ အထူးအထွက်တိုးစပါးမျိုးစေ့ထုတ် စမ်းသပ်စိုက်ခင်းသို့ရောက်ရှိရာ စိုက်ပျိုးရေး ပညာရှင်များက ဆင်းရွှေလီ အထူးအထွက်တိုးစပါးမျိုးစေ့ထုတ် လုပ်ငန်းအတွက် အဖိုလိုင်း၊ အမလိုင်းခွဲခြား စိုက်ပျိုးထားရှိမှု၊ စပ်မျိုးစပါး ၁၂ဧက စိုက်ပျိုးထားခြင်းဖြင့်ကော၁၅၀၀အတွက် မျိုးစေ့အလုံအလောက်ရရှိနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အထွက်တိုးစပါး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက Hybridစပ်မျိုးစပါး အဖိုလိုင်း၊ အမလိုင်းစိုက်ပျိုးမှုကို စိုက်ပျိုးရေး ပညာရှင်များအနေဖြင့် သုတေသနပြု ဆောင်ရွက်မှုကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် လုပ်ဆောင်သွားရေး၊ အထွက်တိုးမျိုးစေ့ထုတ် လုပ်ငန်းကို အထူးအလေးထား လေ့လာ ဆောင်ရွက်ရေး၊ ပြည်နယ်အတွင်း အထူးအထွက်တိုး မျိုးစပါး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ရေး၊ သီးထပ်သီးညှပ် စိုက်ပျိုးရေးကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ သီးနှံများကို အချိန်မီရိတ်သိမ်း၍ အလေအလွင့် မရှိအောင် ထိန်းသိမ်းထားသိုရေး၊ မျိုးကောင်း မျိုးသန့်များနှင့် စိုက်ပျိုးရေး နည်းစနစ်ကောင်းများကို ဒေသခံတောင်သူများအား ဖြန့်ဖြူးဆောင်ရွက်ရေး၊ ဝမ်းစာစပါးသာမက စားသုံးဆီဖူလုံရေးကိုပါ အလေးထား ဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့်အဖွဲ့သည် အောင်မြင်ဖြစ်ထွန်းနေသော စပ်မျိုးစပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အတွင်းရှိ ဆင်းရတနာယာစပါး စံပြစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန စီမံခန့်ခွဲရေးအစည်းအဝေး ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယနေ့မွန်းလွဲ ၁နာရီက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

မှာကြား

အစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ ၂၀၀၃–၂၀၀၄ခုနှစ် ဘဏ္ဍာရေးနှစ်သည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေနှင့် စွမ်းအင်မြှင့်တင်ဆောင်ရွက်ရမည့် နှစ်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ဌာနအသီးသီးမှ တင်ပြထားသည့် ၂၀၀၂–၂၀၀၃ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများအရ ယခုပထမ လေးလပတ်အတွက် ဆောင်ရွက်ပြီးစီးမှုများကို ယမန်နှစ် ပထမလေးလပတ်ကာလမှ ဆောင်ရွက်ပြီးစီးမှုများနှင့် နှိုင်းယှဉ်ချိန်ထိုး၍ စိစစ်သုံးသပ်ရန် ဖြစ်ရာ အကြမ်းအားဖြင့် တိုးတက်မှုရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအနေနှင့် ယခုထက်ပိုမို ကြိုးစားဆောင်ရွက်ရန် လိုကြောင်း၊ ဌာနအကြီးအကဲများအနေနှင့် အောက်ခြေအထိဆင်းပြီး ဝန်ထမ်းများ စည်းကမ်းရှိစွာဖြင့် အဂတိကင်းစွာ တာဝန်ထမ်းဆောင်ရေးကို အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲရန်၊ သက်သာချောင်ချိရေးကိစ္စများကိုလည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကို ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

ခန္ဓာကိုယ်တွေ့ ဝိပဿနာ အဓိဋ္ဌာန်စခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၉

တောင်ဥက္ကလာပမြို့နယ်(၅)ရပ်ကွက်၊ အမှတ်(၄)ဝိုင်းရှိ သဲအင်းဂူ ဓမ္မရောင်ခြည် ကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးဇူးတော်ရှင် သဲအင်းဂူ ဆရာတော်ကြီး၏သားတပည့်ရင်းဖြစ်တော်မူသော အရှင်ပဏ္ဍဝံသည် အပါယ်လွတ်မြောက် နိဗ္ဗာန်ရောက် ခန္ဓာကိုယ်တွေ့ ဝိပဿနာတရား အဓိဋ္ဌာန်စခန်းပွဲကို ဝါခေါင်လဆန်း ၉ရက်မှ ဝါခေါင်လဆန်း၁၅ရက်အထိ ခုနစ်ရက် ကျင်းပမည်ဖြစ်သည်။ အဓိဋ္ဌာန်ဝင်ရောက်ကြသော ဓမ္မမိတ်ဆွေယောဂီတို့အား အကျိုးတော်ဆောင်အဖွဲ့က ကျွေးမွေးလှူဒါန်းမည်ဖြစ်၍ အဓိဋ္ဌာန်စခန်းဝင်ရောက်ကြမည့် ဓမ္မမိတ်ဆွေယောဂီတို့က ကြိုတင်စာရင်း ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

မူးယစ်ဗဟိုအဖွဲ့ လုပ်ငန်းအဖွဲ့များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇူလိုင် ၂၉

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ လုပ်ငန်းအဖွဲ့များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ လုပ်ငန်းအဖွဲ့များမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ဘိန်းစိုက်ပျိုးမှုပပျောက်ရေးဆိုင်ရာ ပန်းတိုင်သစ် စီမံကိန်းနှင့်ပတ်သက်၍ ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက ရန်ပုံငွေ ခွဲဝေချထားပေးမှုနှင့် ထပ်မံတင်ပြတောင်းခံထားရှိမှု အခြေအနေ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးနှင့် လောက်ကိုင်ဒေသများမှ ဘိန်းစိုက်ပျိုးခြင်း မပြုတော့သည့် တောင်သူများအား ဆန်အိတ်နှင့် ဆားအိတ်များ ထောက်ပံ့ပေးခဲ့မှု အခြေအနေ၊ ပြည်မြို့နယ် ရွှေပြည်သာလူငယ်များ ပြုစုပျိုးထောင်ရေးဌာန မျိုးကောင်းမျိုးသန့် နွားမွေးမြူရေးလုပ်ငန်းနှင့် ဖယ်ခုံမြို့နယ် ရွှေပြည်အေးလူငယ်များ ပြုစုပျိုးထောင်ရေးဌာန ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ရုံး ညွှန်ကြားရေးမှူး ရဲမှူးကြီးတင်မောင်ဌေးက ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် ကျင်းပခဲ့သော မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက် ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အစည်းအဝေး တက်ရောက်ကြသူများက လုပ်ငန်းအဖွဲ့နှင့် ဆပ်ကော်မတီများအလိုက် ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

မြောက်တိုင်းလည်း မမြောက်နဲ့

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ လုပ်ငန်းအဖွဲ့များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း ကလေးမြို့ ကလေးတပ်နယ် အောင်ဆန်းခန်းမ၌ စစ်ကိုင်းတိုင်းမှ တိုင်းဆင့် ဌာနဆိုင်ရာများ၊ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကလေး၊ ကလေးဝ၊ မင်းကင်း၊ မော်လိုက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

ကလေးမြို့နယ်ရှိ ထေရ်ကြီး ဝါကြီး ဆရာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ ကလေးမြို့ ရွာစည်ရွာသာရွာ ဓမ္မဝတီကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရိယဝံသအမှူးပြုသော ကလေးမြို့နယ်ရှိ ကျောင်းတိုက် ၃၇တိုက်မှ ဆရာတော်များ ကြွရောက်တော်မူကြပြီး ကလေးခရိုင်နှင့် ကလေးမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ပရိတ်တရားတော်နာယူ

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မဟာဂန္ထဝါစက ပဏ္ဍိတ မင်္ဂလာဥယျာဉ်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ သီရိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချအမျှပေးဝေ

ယင်းနောက် မြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်) တွဲဖက် အကျိုးတော်ဆောင် မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာအကျော်၊ မဟာသန္တာရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ပုညသေဋ္ဌထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီခွဲတွင် ကလေးမြို့ ကလေးတပ်နယ် အောင်ဆန်းခန်းမ၌ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကလေး၊ ကလေးဝ၊ မင်းကင်း၊ မော်လိုက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ဒေသဖွံ့ဖြိုးရေးဖြည့်ဆည်းရန်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့ဦးဆောင်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ချင်းပြည်နယ်မှတစ်ဆင့် မိမိတို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ကလေးဒေသသို့ ရောက်ရှိခိုက် ဒေသဖွံ့ဖြိုးရေးအတွက် အမှန်လိုအပ်ချက်များကို တင်ပြကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မကြာသေးမီကာလက ကလေးမြို့သို့ ရောက်ရှိခဲ့ကြောင်း။

ယင်းသို့ရောက်ရှိစဉ် ကလေးဒေသ ဖွံ့ဖြိုးရေးအတွက် စီမံပေးသင့်သည်များကို စီမံပေးခဲ့ပြီး နိုင်ငံတော်၊ ပြည်သူနှင့် ဝန်ထမ်းများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပါက တိုးတက်မှုအရှိန်အဟုန်ရနေသည့် ကလေးဒေသသည် အလျင်အမြန် ပိုမိုဖွံ့ဖြိုးတိုးတက်သွားမည့် ဒေသဖြစ်သည်ဟု နိုင်ငံတော်အကြီးအကဲက မှတ်ချက်ပြုခဲ့ကြောင်း။

အခြေခံနယ်မြေ

ကလေးမြို့သည် စစ်ကိုင်းတိုင်းအတွင်းမှ ခရိုင်မြို့ တစ်မြို့ဖြစ်သော်လည်း နယ်မြေချင်း ဆက်စပ်လျက်ရှိသည့် ချင်းပြည်နယ်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများ၌ အဓိကအထောက်အကူပြုလျက်ရှိသည့် အခြေခံ နယ်မြေလည်းဖြစ်ကြောင်း။

အိမ်နီးချင်း တစ်ဖက်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်မှုများကြောင့်လည်းကောင်း၊ ဒေသ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အလားအလာများကြောင့်လည်းကောင်း ကလေးဒေသသည် ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်သွားမည့် အခြေအနေ အလားအလာကောင်းများ ရှိနေသည်ကို ပြောကြားလိုကြောင်း။

လက်တွဲပါဝင်

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ရေး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရတစ်ဖွဲ့တည်း တည်ဆောက်၍ မဖြစ်နိုင်ဘဲ နိုင်ငံတော်အစိုးရနှင့်အတူ ဝန်ထမ်းများ လက်တွဲပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများလည်း လက်တွဲညီညီ ပါဝင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ယနေ့ရရှိနေသည့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကောင်းများကို အသုံးချ၍ အရှိန်အဟုန်ရှိရှိဆက်လက်တိုးတက်ဖွံ့ဖြိုးရေးအတွက် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်က ကလေးခရိုင်၏ မြေအသုံးချနိုင်မှု၊ မိုးစပါး၊ ဆီထွက်သီးနှံ ပဲအမျိုးမျိုး၊ ကြံနှင့် အခြားသီးနှံများ စိုက်ပျိုးပြီးစီးမှု၊ ဒေသဝမ်းစာဆန်နှင့် ဆီဖူလုံပိုလျှံမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူတစ်ဦးချင်းဝင်ငွေနှင့် ပညာရေး၊ ကျန်းမာရေးအခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကိုမှာကြားပြီး ကလေးဒေသသည် တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်နေမှုကို ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး စသည့် ကဏ္ဍအလိုက် စာရင်းဇယားများ အရရော၊ မျက်မြင်အခြေအနေအရပါ လေ့လာသိရှိနိုင်ကြောင်း။

ရေရရှိရေး

ကလေးဒေသတွင် စိုက်ပျိုးရေရရှိရေး စီမံကိန်းများကြောင့် စိုက်ပျိုးမြေဧကများကို တိုးတက်ရရှိစေခဲ့ကြောင်း၊ ထို့ပြင် ခေတ်မီနိုင်ငံတော် တည်ဆောက်ရာတွင် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓိုးချောင်း ရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရာဇဂြိုလ်ရေလှောင်တမံနှင့် ရေအားလျှပ်စစ်စီမံကိန်းကိုလည်း စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ကလေးစက်မှုဇုန်သည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်အပြင် ကလေးစက်မှုဇုန်က ထုတ်လုပ်သည့် ဂျစ်ကားများသည် ကလေးဒေသ၌သာမက ချင်းပြည်နယ် ဒေသအသီးသီး၌ပါ များစွာ အသုံးတည့်လျက်ရှိကြောင်း။

ကလေးဒေသနည်းတူ ပြည်နယ်တိုင်းအတွင်းရှိ ဒေသအသီးသီးသည်လည်း နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အညီ ကိုယ့်ခွန်ကိုယ့်အားကို အခြေခံ၍ ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသဖြင့် အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်ကြီးတစ်ရပ်လုံး တည်ငြိမ်အေးချမ်းမှု ရရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများကို ဖောက်ချဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ခေတ်နောက်ကျခဲ့သော နယ်စပ်ဒေသများသည်ပင် ယခုအခါ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း။

သတိထားရှောင်ရှား

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ တက်ညီလက်ညီ ကြိုးကြိုးစားစား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြရာ၌ အောက်ခြေအဆင့်များတွင် အမှားအယွင်းများ၊ အားနည်းချက်များ ဖြစ်ပေါ်နိုင်သည်ကို ကြိုတင်သတိထားပြီး ပြုပြင်ထိန်းကျောင်းသွားကြရန်ဖြစ်ကြောင်း၊ စေတနာပါသော်လည်း လုပ်ကိုင်ဆောင်ရွက်မှုအမှားကြောင့် ဝေဒနာဖြစ်သွားတတ်ကြောင်း၊ ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်သွားမည့်သဘော၊ ဖိစီးမှုဖြစ်သွားမည့်သဘောတို့ကို သတိထားရှောင်ရှားရမှာဖြစ်ကြောင်း၊ စေတနာနှင့်ယှဉ်သည့် မှန်ကန်သောလုပ်ရပ်များကို ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထက်အဆင့်က တာဝန်ပေးမှ ဆောင်ရွက်တတ်ခြင်းမျိုး၊ ပေါ်ပင်လုပ်ငန်းများသာ ဆောင်ရွက်ခြင်းမျိုးကို ရှောင်ရှားကြရမည်ဖြစ်ကြောင်း၊ မိမိဆောင်ရွက်ရမည့် ပုံမှန်လုပ်ငန်းများကို တာဝန်ကျေကျေ အောင်မြင်အောင် ဆောင်ရွက်နိုင်ရမည်သာမက အရေးပေါ်ဖြစ်ပေါ်လာသည့် ကိစ္စများကိုလည်း စီမံဆောင်ရွက်နိုင်ကြရမည်ဖြစ်ကြောင်း၊ ဒေသအကျိုး၊ ပြည်သူအကျိုးကို တာဝန်သိသိ ကြိုးကြိုးစားစား ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း ကလေးမြို့ရှိ နည်းပညာကောလိပ်ကို တွေ့ရစဉ်။ (သတင်းစဉ်)



ပြည်သူများအ

မိမိတို့သည် ဤမြေမှာမွေး၊ ဤမြေ
သွားမည့်သူများဖြစ်ကြကြောင်း၊ မိမိတို့
ကြိုးပမ်းအားထုတ်မှုများသည် နိုင်ငံတော်
တိုင်းပြည်၌ ယနေ့ရရှိထားသည့် အောင်
အင်အား၊ ကိုယ်ပိုင်အတတ်ပညာများကို
၏ ပေါင်းစုအားထုတ်ကြိုးပမ်းမှုများ၏
အဟန့်အတား အနှောင့်အယှက်
ကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများ၊ အောင်မြင်မှု
ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် ရှင်း

ပေးအ

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိ
ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ
ပညာရေးမှူး ဦးစိန်လွင်သို့ပေးအပ်ပြီး က
ဆောင် ဆောက်လုပ်ရေးအတွက် မတည်
ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား
ဆက်လက်၍ အတွင်းရေးမှူး(၂)
စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျ
အတွက် မတည်ထောက်ပံ့ငွေများကို တ
ထို့နောက် အခမ်းအနားကို ရုပ်သိမ်
လာကြသူများအား ရင်းရင်းနှီးနှီး လိုက်

ခရိုင်ပြည်သူ

အခမ်းအနားအပြီးတွင် အတွင်းရေး
ခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေ
များ၊ ဆရာဝန်၊ ဆရာမများက ကြိုဆို
ထို့နောက် အတွင်းရေးမှူး(၂)နှင့်
ခွဲစိတ်၊ သားဖွားနှစ်ထပ်ဆောင်ကို ကြ
ခွဲစိတ်ကုသဆောင်ကို ကြည့်ရှုစစ်ဆေးပြီ
ထို့နောက် ခွဲစိတ်/သားဖွားနှစ်ထ
ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်
နီယာမှူးကြီး ဦးကျော်တင့်က ခွဲစိတ်/သ



နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်း
တင်ထွန်းက ဆေးရုံကြီးရှိ အထူးကုဆရ
အင်အား၊ ဆေးရုံသုံးပစ္စည်းများရရှိမှု
လှည့်လည်သွားရောက် ကုသပေးမှုနှင့်
လည်းကောင်း ရှင်းလင်းတင်ပြရာ ကျန်
ဒေါက်တာမြဦးက ဖြည့်စွက်ရှင်းလင်း
ဆက်လက်၍ ကလေးတပ်နယ်မှ
ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နှုတ်ဆ

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယ
များကို မှာကြားပြီး ဆရာဝန်၊ ဆရာမ

မြစ်သာတံတား(

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အ
စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၆
ယာဉ်များဖြင့် ကလေးမြို့မှ ကလေးဝမြို့သို
(ကလေးဝ) တည်ဆောက်ရေး စီမံကိန်း
သည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကလေးတက္ကသိုလ်တွင် ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ နည်းပြများနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

ပြည်သူများအတွက်

မိမိတို့သည် ဤမြေမှာမွေး၊ ဤမြေမှာကြီးပြင်း၍ ဤမြေမှာပင် ခေါင်းချသွားမည့်သူများဖြစ်ကြကြောင်း၊ မိမိတို့၏ ပူးပေါင်းဆောင်ရွက်ချက်များနှင့် ကြိုးပမ်းအားထုတ်မှုများသည် နိုင်ငံတော်နှင့် ပြည်သူများအတွက်ဖြစ်ကြောင်း၊ တိုင်းပြည်၌ ယနေ့ရရှိထားသည့် အောင်မြင်မှုများသည် မိမိတို့၏ ကိုယ်ပိုင်အင်အား၊ ကိုယ်ပိုင်အတတ်ပညာများကို အခြေခံ၍ နိုင်ငံတော်နှင့် ပြည်သူများ၏ ပေါင်းစုအားထုတ်ကြိုးပမ်းမှုများ၏ ရလဒ်များဖြစ်ကြောင်း။

အဟန့်အတား အနှောင့်အယှက် အဖျက်အဆီးအမျိုးမျိုးကြားမှ ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများ၊ အောင်မြင်မှုများရရှိအောင် မိမိတို့ကြိုးစားရန်းကန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကလေးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဦးစိန်လွင်သို့ပေးအပ်ပြီး ကလေးခရိုင် ပြည်သူ့ဆေးရုံ၌ သံဃာဆောင် ဆောက်လုပ်ရေးအတွက် မတည်ထောက်ပံ့ငွေကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၂)သည် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီတို့အတွက် မတည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ခရိုင်ပြည်သူ့ဆေးရုံ

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ကလေးခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ဆဲ ခွဲစိတ်၊ သားဖွားနှစ်ထပ်ဆောင်ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ခွဲစိတ်ကုသဆောင်ကို ကြည့်ရှုစစ်ဆေးပြီး လူနာများကို အားပေးသည်။

ထို့နောက် ခွဲစိတ်/သားဖွားနှစ်ထပ်ဆောင် ဆောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စစ်ကိုင်းတိုင်း အင်ဂျင်နီယာမှူးကြီး ဦးကျော်တင့်က ခွဲစိတ်/သားဖွား နှစ်ထပ်ဆောင် ဆောက်လုပ်

ရေးဦးစွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး (စီမံကိန်း) ဦးစံငြိမ်းက မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ၁၁၅မိုင်ရှိ မုံရွာ–ကလေးဝကားလမ်း၏ကတ္တရာလမ်းခင်းပြီးမှု၊ ကျောက်ခင်းပြီးစီးမှု အခြေအနေများ၊ လမ်းတစ်လျှောက် နှစ်မိုင်ကျော်ခန့်သာ မြေသားလမ်းအဖြစ် ကျန်ရှိတော့သည့် အနေအထားများ၊ လမ်းရှိ တံတားငယ်များ တည်ဆောက်မှုနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကလေးမြို့ စက်မှုဇုန်မှထုတ်လုပ်သော စူပါဂျစ်များကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းက ဆေးရုံကြီးရှိ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်၊ ဆရာမအင်အား၊ ဆေးရုံသုံးပစ္စည်းများရရှိမှု၊ ဆေးကုသပေးမှု၊ ကျေးရွာများသို့ လှည့်လည်သွားရောက် ကုသပေးမှုနှင့် ဆေးရုံကြီး၏ လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးကလည်း ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို မှာကြားပြီး ဆရာဝန်၊ ဆရာမများအား နှုတ်ဆက်သည်။

မြစ်သာတံတား(ကလေးဝ)

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၆ရက် နံနက် ၇နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ကလေးမြို့မှ ကလေးဝမြို့သို့ သွားရောက်ကြပြီး မြစ်သာတံတား (ကလေးဝ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့က လိုအပ်သည်များ မှာကြားကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းတို့က ၃၈မိုင်ရှိ ကလေးဝ–မော်လိုက်ကားလမ်း မြေသားလမ်း ဖောက်လုပ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက လမ်းဖောက်လုပ်ရာ၌ အတက်အဆင်းကို အတတ်နိုင်ဆုံး ပြေပြစ်အောင် ဖောက်လုပ်ရန်နှင့် အမြန်ဆုံးပြီးစီးအောင် ဖောက်လုပ်ရန် မှာကြားသည်။

စီမံကိန်းရှင်းလင်းဆောင်၌ ကလေးဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်က မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့က လိုအပ်သည်များကို မှာကြားစီစဉ်ပေးကြသည်။

ညီညီညွတ်ညွတ်ကြိုးပမ်း

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကလေးဝမြို့မှ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

မြစ်သာမြစ်ကူး မြစ်သာတံတား(ကလေးဝ)သည် မုံရွာ–အလုံ–ယာကြီး–မြို့မ–ကလေးဝလမ်းတွင် တည်ရှိသည့်တံတားဖြစ်သည်။ တံတားကိုကလေးဝမြို့နှင့် တစ်ဖက်ကမ်းရှိ ရှမ်းတပ်ရွာကြား ဆက်သွယ်တည်ဆောက်နေခြင်း ဖြစ်သည်။

တံတားအမျိုးအစား

တံတားအမျိုးအစားမှာ အောက်ခံအုတ်မြစ်တွင် ဘိုးပိုင်များဖြင့် သံကူကွန်ကရစ်တံတားတိုင် အမျိုးအစားဖြစ်ပြီး အပေါ်ထည်မှာ သံမဏိသံပေါင်ကြိုးတံတားအမျိုးအစားဖြစ်သည်။

တံတား၏အရှည်မှာ ပေ ၁၃၂၀ ဖြစ်ပြီး ယာဉ်သွားလမ်း အကျယ် ၂၈ပေရှိမည့် တံတားဖြစ်သည်။

မြစ်သာတံတား(ကလေးဝ)သည် ကလေးဝ–ကလေး–တမူးလမ်းနှင့် ကလေးဝ–မုံရွာလမ်းတို့ကို တစ်ဆက်တစ်စပ်တည်းဖြစ်စေပြီး ချင်းပြည်နယ်နှင့်လည်း ဆက်သွယ်သွားလာရေးကို လွယ်ကူစွာ အထောက်အကူပြု သွားလာနိုင်မည့် တံတားဖြစ်သည်။

မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီးနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ကျီကုန်းတပ်နယ်သို့ သွားရောက်ပြီး တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကျီကုန်းတပ်နယ်၏ ကြက်မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကျီကုန်းတပ်နယ်၏ ကြက်မွေးမြူရေးလုပ်ငန်းများကို တပ်နယ်မှ ဗိုလ်မှူးချုပ်မြဝင်းက ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ကလေးတပ်နယ်သို့ ရောက်ရှိပြီး တပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားနှုတ်ဆက်သည်။

ထိုအချိန်တွင် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ကလေးမြို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ရှေးဦးစွာ ကလေးမြို့ အစိုးရကွန်ပျူတာကောလိပ်ကို ရောက်ရှိကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၂)သည် တာဝန်ခံကျောင်းအုပ် ဒေါ်အေးအေးသိန်းနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားအားပေးသည်။

သာသနာပြုစာသင်တိုက်

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် သီလရှင် ပရိယတ္တိသာသနာပြု စာသင်တိုက်သို့ ရောက်ရှိကြပြီး တိုက်အုပ်ဆရာကြီး ဒေါ်သုမနစာရီအား သာသနာရေးဆိုင်ရာများ မေးမြန်း၍ လှူဖွယ်ပစ္စည်းများ၊ မတည်ပံ့ပိုးငွေများကို လှူဒါန်းသည်။

ထို့နောက် အစိုးရနည်းပညာကောလိပ်သို့ ရောက်ရှိကြရာ ခန်းမ၌ တာဝန်ခံကျောင်းအုပ် ဦးသိန်းဝင်းက ကလေးမြို့ အစိုးရ နည်းပညာကောလိပ် စတင်ဖွင့်လှစ်ခဲ့မှု၊ ဆရာ ဆရာမ၊ ဝန်ထမ်းအင်အား၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှု၊ သင်ကြားပေးလျက်ရှိသည့် သင်တန်းများ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို ညှိနှိုင်းမှာကြား၍ အားပေးစကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်စာသင်ဆောင်များ၊ အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများအား နှုတ်ဆက်အားပေးသည်။

ကလေးတက္ကသိုလ်

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ကလေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးကျော်ရဲထွန်းနှင့် ပါမောက္ခများက ကြိုဆိုကြသည်။

ထို့နောက် တက္ကသိုလ်၏ Multimedia Lecture Theatre ၌ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ နည်းပြများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲ၌ ဒုတိယပါမောက္ခချုပ် ဦးကျော်ရဲထွန်းက ကလေးတက္ကသိုလ်အဖြစ် အဆင့်ဆင့် တိုးမြှင့်ရရှိခဲ့မှု၊ တက္ကသိုလ်၏ စာသင်ဆောင်များ၊ စာသင်ခန်းများနှင့် သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ သင်ကြား၊ စီမံဝန်ထမ်းများ၊ ဝန်ထမ်းသက်သာချောင်ချိရှိရေး ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ပညာခေတ်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❀

➪ **ခေတ်မီနိုင်ငံတော်မှ**

ဧရာဝတီတိုင်းသည် မြေနှင့်ရေကို အမွေကောင်းအဖြစ်ရရှိထားသည်။ တစ်နည်းအားဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများကိုရရှိထားသည်။

ယခုနှစ် ဇွန် ၁၉ရက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဧရာဝတီတိုင်းခရီးစဉ်အတွင်း ဟိုတယ်လုပ်ငန်း၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသား လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် **နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ထူထောင်ရာ၌ တိုင်းရင်းသား လုပ်ငန်းရှင်များနှင့် အတူလက်တွဲ ထူထောင်သွားမည်ဟူသည့် ယုံကြည်ချက်ဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များအား မိမိတို့ ထိထိရောက်ရောက် အားပေး ကူညီလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ လက်တွဲ ပူးပေါင်း၍ နိုင်ငံတော်ကို တည်ဆောက်မှသာ နိုင်ငံတော်ကြီး အမြန်ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း** လမ်းညွှန်မိန့်ကြားခဲ့သည်။ ဤသည်မှာ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပတ်သက်၍ နိုင်ငံတော်က ထားရှိသည့် သဘောထားပင်ဖြစ်သည်။

ရောဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့မှ ငွေဆောင်ကမ်းခြေသွားလမ်းတွင် ယုဇနပုစွန်မွေးမြူထုတ်လုပ်ရေးအဖွဲ့က စခန်းကြီးလေးခုဖွင့်လှစ်၍ ပုစွန်များ မွေးမြူလျက်ရှိသည်။ မင်းလမ်းပုစွန်မွေးမြူရေးစခန်းရှိ ပုစွန်မွေးမြူရေးကန် ၃၈ကန်မှ ပုစွန်များကို လုပ်သားကြီးများက ပုစွန်ကန်ဖော်မှုမှရရှိသော ပုစွန်များကို ဇူလိုင် ၁၉ရက်က တွေ့ရစဉ်။ ဓာတ်ပုံ–ငွေအောင်(ကြေးမုံ)

ကြော်ငြာလုပ်ငန်းစီမံခန့်ခွဲမှု ဘာသာရပ်ဟောပြောပွဲ

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းမှ ကျင်းပမည့် Advertising Management (ကြော်ငြာလုပ်ငန်းစီမံခန့်ခွဲမှုဘာသာရပ်) ခေါင်းစဉ်အမည်ဖြင့် Seminar တစ်ခုကို Myanmar Marketing Research & Development Co,Ltd မှ Managing Director ဦးမိုးကျော်က ဩဂုတ် ၂ ရက် (စနေနေ့) နံနက် ၉နာရီခွဲတွင် Myanmar ICT Park (Room-205) တွင် ဟောပြောမည်ဖြစ်သည်။ မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းဝင်များနှင့်တကွ စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး တက်ရောက်သူများသည် တစ်ဦးလျှင် ကျပ် ၅၀၀ ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း အမ်အိုင်စီတီပတ်(က်) ပင်မအဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ဖုန်း–၆၅၂၂၃၈ သို့စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

ကဏ္ဍသုံးရပ်အခြေပြု

ဆက်လက်၍ **နိုင်ငံတော်ကို စက်မှုနိုင်ငံဖြစ်စေရေးအတွက် ထူထောင်နေဆဲကာလတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော စသည့်ကဏ္ဍသုံးရပ်ကို အခြေပြုပြီး လိုအပ်သောအရင်းအနှီးများကို စုဆောင်း၍ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းသွားရမှာဖြစ်ကြောင်း၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်းစုံမှ ယခုအခါ နှစ်စဉ်ဒေါ်လာသန်း ၃၀၀ကျော် ရရှိနေရာ ယခုထက်ပိုမို တိုးတက်ရရှိလာအောင် အားပေးကြရမှာ ဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းကို မိမိတို့လုပ်ငန်းရှင်များ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ပြီးဖြစ်သကဲ့သို့ ခေတ်မီပုစွန် မွေးမြူရေးလုပ်ငန်းကို စတင်မွေးမြူလာတတ်ပြီးဖြစ်ရာ ယခုထက်ပိုမို တိုးချဲ့လုပ်ကိုင် သွားကြရန်လိုကြောင်း၊ ပုစွန်မွေးမြူရန် အခြေအနေပေးသည့် မိမိတို့နိုင်ငံ၌ ပုစွန်လုပ်ငန်းမှပင် ဒေါ်လာသန်း ၄၀၀ကျော်၊ ၅၀၀ခန့် ရရှိအောင် လုပ်နိုင်မှသာ သားငါးကဏ္ဍအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ထိထိရောက်ရောက် အထောက်အကူပြုလာနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်တိုစီမံကိန်းတစ်ရပ်ချမှတ်၍ ခေတ်မီပုစွန်မွေးမြူရေးလုပ်ငန်းကို သိသာစွာ ဖွံ့ဖြိုးတိုးတက်လာအောင် ဖိဖိစီးစီး အားပေးပျိုးထောင်သွားရန်၊ ပုစွန်မွေးမြူသူများကို စည်းရုံးစုစည်းသွားရန် ဖြစ်ကြောင်း** လမ်းညွှန်မှာကြားသွားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်တွင် တိုင်းရင်းသားလုပ်ငန်းရှင်တို့အပေါ် သဘောထား၊ သားငါးကဏ္ဍ၏ အရေး ပါမှုတို့ကို ရှင်းလင်းစွာတွေ့မြင်နိုင်မည် ဖြစ်သည်။

မိမိ၏ အတွေးများဖြန့်ကြက်နေဆဲမှာပင် မိမိတို့ကြေးမုံသတင်းအဖွဲ့ကို တင်ဆောင်လာသော ကားကလေးက ငွေဆောင်ဒေသ၏ ပုစွန်မွေးမြူရေးရပ်ဝန်းအတွင်း ဝင်ရောက်လာပြီဖြစ်ကြောင်း တွေ့လိုက်ရသည်။ "ယုဇနပုစွန်မွေးမြူ ထုတ်လုပ်ရေးအဖွဲ့၏ အလယ်ချောင်းစခန်း"။

အခြေအနေပေး

ငွေဆောင်သည် ရေငန်ပုစွန် မွေးမြူထုတ်လုပ်ရန်အတွက် ရေမြေအခြေအနေပေးသည့် ဒေသဖြစ်ရာ တိုင်းရင်းသား လုပ်ငန်းရှင်များ အခြေချလုပ်ကိုင်လျက်ရှိနေကြပြီဖြစ်သည်။ ယုဇနပုစွန်မွေးမြူ ထုတ်လုပ်ရေးအဖွဲ့က ပုစွန်ကန် ၂၂၆ ကန်၊ ရွှေခရကုမ္ပဏီလီမိတက်က ၃၂ ကန်၊ ရွှေမိသားစုကုမ္ပဏီလီမိတက်က ၃၄ကန်၊ Max Myanmar ကုမ္ပဏီလီမိတက်က ၁၆ကန်တူးဖော်၍ ရေငန်ပုစွန်များ မွေးမြူလျက်ရှိကြသည်။

ယုဇနပုစွန်မွေးမြူထုတ်လုပ်ရေးအဖွဲ့မှ အထွေထွေမန်နေဂျာဒေါ်မိမိသန်းကို အလယ်ချောင်းစခန်း၌တွေ့ဆုံ၍ ရေငန်ပုစွန် မွေးမြူထုတ်လုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ မေးမြန်းစနည်းနာကြသည်။

ငွေဆောင်ဒေသတွင်ယုဇနပုစွန်မွေးမြူထုတ်လုပ်ရေးအဖွဲ့၏ ပုစွန်မွေးမြူရေးစခန်းလေးခုရှိနေသည်။ (၁) အလယ်ချောင်းစခန်း၊ (၂) ဖောခိကုန်းစခန်း၊ (၃)ဘုန်းမောင်ဂျိုင်စခန်း၊ (၄)မင်းလမ်းစခန်းတို့ဖြစ်သည်။ အလယ်ချောင်းစခန်း၏ ယူနစ်လေးခုတွင် ပုစွန်ကန် ၇၉ကန်၊ ဖောခိကုန်းစခန်း၏ ယူနစ်လေးခုတွင် ၄၄ကန်၊ ဘုန်းမောင်ဂျိုင်စခန်း၏ ယူနစ်သုံးခုတွင် ၆၅ ကန်၊ မင်းလမ်းစခန်း၏ ယူနစ်နှစ်ခုတွင် ၃၈ ကန်၊ စုစုပေါင်း ၂၂၆ကန်ရှိသည်။

ပုစွန်သားဖောက်စခန်း

ရေချိုရေငန်ပုစွန်သားဖောက်စခန်း အနေဖြင့် ဘုန်းမောင်ဂျိုင်နှင့် မင်းလမ်း

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

စခန်းတို့တွင် တည်ထောင်ထားပြီး မိမိမွေးကန်များတွင်ထည့်သွင်းမွေးမြူသည့်အပြင် ပိုလျှံသည်များကို ပြင်ပသို့ ထုတ်ရောင်းသည်။ ယင်းသားဖောက်စခန်းနှစ်ခု၏ ပုစွန်သား ဖောက်ထုတ်

လုပ်မှုအားမှာ တစ်ခါမွေး/ဖောက်လျှင် ကောင်ရေ သန်း ၇၀ ဖြစ်ကြောင်းသိရသည်။

ယုဇနပုစွန်မွေးမြူထုတ်လုပ်ရေးအဖွဲ့၏ ငွေဆောင်ဒေသမှ စခန်းလေးခုပေါင်းတွင် ဝန်ထမ်းအင်အား ၇၀၀ ကျော်တို့ ဝင်ရောက်လုပ်ကိုင်နေကြသည်။ တစ်နည်းအားဖြင့် လူ ၇၀၀ အတွက် အလုပ်အကိုင် အခွင့်အလမ်း ရရှိလိုက်ခြင်းဖြစ်သည့်အပြင် ခေတ်မီနည်းစနစ်များဖြင့် ရေချိုရေငန် ပုစွန်မွေးမြူထုတ်လုပ်ပုံများကို ဒေသခံများ မျက်မြင်တွေ့ရှိ လေလာခွင့်ရရှိကြသည်။ အလယ်ချောင်းစခန်းအပါအဝင် ငွေဆောင်ဒေသ ယုဇနစခန်းလေးခုမှ ၂၀၀၁–၂၀၀၂ ခုနှစ်တွင် ပုစွန်တန် ၄၆၀ ကျော်၊ ၂၀၀၂–၂၀၀၃ ခုနှစ်တွင် ပုစွန်တန် ၁၁၀၀ကျော်နှင့် ၂၀၀၃–၂၀၀၄ခုနှစ်တွင် ဇွန်လအထိ တန် ၆၀၀နီးပါး ထုတ်လုပ်ထားပြီးဖြစ်ကြောင်းသိရသည်။ ယုဇနပုစွန်မွေးမြူထုတ်လုပ်ရေးအဖွဲ့၏ ငွေဆောင်ဒေသမှ ထုတ်လုပ်မှုများနှင့် ပတ်သက်၍ အထွေထွေမန်နေဂျာ ဒေါ်မိမိသန်းနှင့် ဘုန်းမောင်ဂျိုင်စခန်းမှ တာဝန်ခံ ဦးလှဝင်းတို့က ကြေးမုံသတင်းအဖွဲ့ကို ရှင်းလင်းပြောကြားနေစဉ်မှာပင် မိမိတို့သတင်းအဖွဲ့မှ ဦးငွေအောင်ကလည်း သတင်းမှတ်တမ်း ဓာတ်ပုံများကို ပုစွန်ကန်များဆီ သွားရောက်ရိုက်ကူးနေသည်။

မကြာမီ မိမိတို့ ကြေးမုံသတင်းအဖွဲ့ အလယ်ချောင်းစခန်းမှ ပြန်လည် ထွက်ခွာလာကြပြီး ငွေဆောင်ကမ်းခြေ ဆီသို့ ဦးတည်ကြရပြန်သည်။ အနောက်တောင်ဆီမှ ခဲသားရောင်မိုးရိပ်တို့ တလိပ်လိပ်တက်လာကြပြီ။ တစ်ချက်တစ်ချက် ဝေ့ယမ်းတိုက်ခတ်လာသော မိုးသက်လေနှင့်အတူ မိုးစက်ကလေးများပါ တဖွဲဖွဲကျလာသည်။ သည်မိုး သည်လေနှင့် ဓာတ်ပုံကောင်းရအောင် ရိုက်နိုင်ပါ့မလားဟု ကိုငွေအောင်က စိတ်ပူနေပုံရသည်။

နိုင်ငံ့ဟင်းအိုးကြီး

အကောင်းဆုံးသော မြေဆီလွှာကို ပိုင်ဆိုင်ထားသော၊ နိုင်ငံတော်၏ ဆန်စပါးအထွက် လေးပုံတစ်ပုံကျော်ကိုစိုက်ပျိုးထုတ်လုပ်ပေးသော ဧရာဝတီတိုင်းကို နိုင်ငံတော်၏ စပါးကျီ၊ နိုင်ငံ့ထမင်းအိုးကြီးအဖြစ် တင်စားခဲ့ကြသည်။ ယခုလည်း မြစ်ချောင်းအင်းအိုင် ကမ်းရိုးတန်းများက အခြေအနေပေးသည်နှင့်အမျှ နိုင်ငံတော်၏ အားပေးကူညီပံ့ပိုးမှုများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်တို့၏ အားထည့်ကြိုးပမ်းမှုများကိုပါ ပေါင်းစပ်ပြီး ဧရာဝတီတိုင်း၏ သားငါးကဏ္ဍမှာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ရာ "တိုင်းဧရာသည် နိုင်ငံ့ဟင်းအိုးကြီး"ဖြစ်လာခဲ့ပြီဟု ဆိုရပေတော့မည်။ ။ (ကြေးမုံ)

ပုစွန်ကန်ဖော်

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့မှ ငွေဆောင်ကမ်းခြေသွားလမ်းတွင် ယုဇန ပုစွန်မွေးမြူထုတ်လုပ်ရေးအဖွဲ့က အလယ်ချောင်းစခန်း၊ ဖောခိကုန်းစခန်း၊ ဘုန်းမောင်ဂျိုင် စခန်းနှင့် မင်းလမ်း စခန်းတို့တွင် ပုစွန်များ မွေးမြူလျက်ရှိရာ မင်းလမ်းပုစွန်မွေးမြူရေးစခန်း ပုစွန်မွေးမြူရေးကန် ၃၈ ကန်မှ မွေးမြူထားသည့် ပုစွန်များကို မွေးမြူရေးကန်လုပ်သားများက ပုစွန်ကန်ဖော်နေသည်ကို ဇူလိုင် ၁၉ရက်က တွေ့ရစဉ်။

ဓာတ်ပုံ–ငွေအောင်(ကြေးမုံ)

အခြေခံစာရင်းကိုင်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၉

ဝါကီဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ) CGA က ကြီးမှူး၍ အခြေခံစာရင်းကိုင်သင်တန်း Basic Accounting Course (11/2003)ကို ဩဂုတ် ၁၆ရက်မှစ၍ အသင်းတိုက်တည်နေရာ ၃၇/၄၁၊ လမ်း ၅၀(အောက်) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့တွင် ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် လူတိုင်းအခြေခံစာရင်းပညာတတ်မြောက်ရမည်ဟူသောရည်ရွယ်ချက်ဖြင့် အခြေခံစာရင်းရေးသွင်းခြင်း သဘောတရားများမှစ၍ အရောင်းအဝယ်၊ အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းများ ရေးဆွဲနိုင်သည်အထိ လုပ်ငန်းနှင့်သင်ကြားမှုအတွေ့အကြုံရင့်ကျက်သော ဆရာ ဦးဆန်းလှိုင်(ဘဏ္ဍာရေးအတိုင်ပင်ခံနှင့် စာရင်းပညာရှင်)က ကိုယ်တိုင်သင်ကြားပေးမည်ဖြစ်သည်။ တက်ရောက်လိုသူများသည် အသင်းတည်နေရာ အမှတ် ၃၇/၄၁၊ လမ်း ၅၀(အောက်) ဖုန်း–၂၉၁၆၆၇၊ အတွင်းရေးမှူး ဦးကြည်သာစိုး ဖုန်း–၇၂၃၀၇၂၊ ၂၈၆၈၉၄ ၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းအောင် ဖုန်း–၀၉–၉၉ ၂၂၂၅၀ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀–၇–၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀	၆။	တေးဂီတအစီအစဉ်
၈:၂၀	၇။	သဖန်းဆိပ်ဘက်စုံ ရေလှောင်တမံ
၈:၃၀	၈။	International News.
၈:၄၅	၉။	Learning English The Easy and Happy Way For Children and Beginners.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Practice in Reading.
၄:၄၀	၄။	တေးဂီတအစီအစဉ်
၄:၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ–တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၀	၆။	သတိတစ်ချက် တစ်သက်အမှား (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၅:၂၀	၇။	ပြည်ထောင်စုတိုင်းရင်းသားတေးသံသာ
၅:၃၅	၈။	သီချင်းကြီးပဒေသာ
၅:၅၀	၉။	တေးဂီတအစီအစဉ်
၆:၀၀	၁၀။	ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၆:၁၅	၁၁။	Discovery.
၆:၃၀	၁၂။	ညနေခင်းသတင်း
၇:၀၀	၁၃။	မိုးလေဝသအခြေအနေ
၇:၀၅	၁၄။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၇:၂၀	၁၅။	တေးဂီတအစီအစဉ်
၇:၃၅	၁၆။	ဝင်ငွေတိုးစေဖို့ မက္ကာဒေးမီးယားသီးနှံ စိုက်ကြစို့
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**နိုင်ငံခြားဓာတ်လမ်းတွဲ သစ္စာ(အပိုင်း–၁၅)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြင်းခြံမြို့နယ် ဆီမီးခုံမြစ်ရေတင်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း မြင်းခြံခရိုင်ရှိ မြစ်ရေတင်စီမံကိန်းများ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၉

မန္တလေးတိုင်းတွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးသိန်းနိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မန္တလေးတိုင်း မြင်းခြံခရိုင်ရှိ မြစ်ရေတင်စီမံကိန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

စပါးစိုက်ရန်ပြင်ဆင်

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီခွဲတွင် မြင်းခြံခရိုင် ရွာသစ်ကျေးရွာအုပ်စု ကွင်းအမှတ်(၉၁၅/၁၅၄၈) ဦးပိုင်အမှတ်(၂၇၂/က)ရှိ တောင်သူဦးခင်စိန် ပိုင်သော လယ်မြေ ၁ ဒသမ ၆၂ဧကတွင် မိုးစပါးပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်းနှင့် ဆက်စပ်လယ်မြေ ၁၀ဧကတွင် စပါးစိုက်ပျိုးရန် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ကျောက်တစ်လုံး မြစ်ရေတင်စီမံကိန်းမှ ၎င်းလယ်မြေများကို အောင်ရေ၊ ဖြည့်စွက်ရေများ ပေးနိုင်ရေး စီမံထားရှိကြောင်း သိရသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ကျောက်တစ်လုံး မြစ်ရေတင်စီမံကိန်း ရေတင်အမှတ်(၂) စက်ရုံသို့ ရောက်ရှိကြရာ မြင်းခြံခရိုင် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကျောက်တစ်လုံးမြစ်ရေတင် စီမံကိန်း ရေတင်အမှတ်(၂) စက်ရုံ၌ မြစ်ရေကို ပင်မမြောင်းမကြီးအတွင်း စုပ်တင်နေမှုနှင့် ပင်မမြောင်းမကြီး ကြွခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ကျောက်တစ်လုံး မြစ်ရေတင်စီမံကိန်းသည် စပါးဧက ၁၅၀၀၊ ဝါဧက ၅၀နှင့် ပဲနှင့်ဆီထွက် သီးနှံဧက ၉၅၀စုစုပေါင်းစိုက်ဧက ၂၅၀၀အတွက် စိုက်ပျိုးရေပေးဝေရန် လျာထားပြီး ၂၀၀၃-၂၀၀၄ ခုနှစ်တွင် မိုးစပါး မြေယာပြုပြင်ရန် လျာထားချက်မှာဧက ၁၀၀၀ဖြစ်ပြီး မြေယာပြုပြင် ပြီးစီးမှုမှာ ၉၃၃ ဧကဖြစ်ကာ ပျိုးထောင်မှုမှာ ၈၃၅ ဧက၊ စိုက်ပျိုးပြီးစီးမှုမှာ ၂၂ဧက ဖြစ်ကြောင်း သိရသည်။

ရွာသစ်မြစ်ရေတင်စီမံကိန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မွန်းတည့် ၁၂နာရီတွင် ငါန်းဇွန်မြို့နယ်ရှိ ရွာသစ်မြစ်ရေတင်စီမံကိန်း ရေတင်အမှတ်(၂) စက်ရုံသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ရှိသူများက ပင်မမြောင်း အရှည်ပေ ၈၀၀၀ တူးဖော်ပြီးစီးမှု၊ မြစ်ရေတင်စီမံကိန်းအရ စိုက်ဧက ၂၀၀၀ လျာထားရာတွင် ၉၅၁ ဧက ပျိုးထောင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ငါန်းမြာမြစ်ရေတင်စီမံကိန်း

ဆက်လက်၍ ငါန်းမြာမြစ်ရေတင် စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာတွင် ပင်မမြောင်းမကြီးအရှည်ပေ ၁၄၀၀၀၊ လက်တံမြောင်း အရှည်ပေ ၅၆၅၀၀၊ အနက်ပေ ၄၀၀၀၀ပြီးစီးနေမှု၊ တူးမြောင်း အဆောက်အအုံ ၆၀ရာခိုင်နှုန်းနှင့် ရေငြိမ်ကန်နှစ်ကန် တည်ဆောက်ပြီးစီးမှုနှင့် ၂၀၀၃-၂၀၀၄ခုနှစ်အတွက် ငါန်းမြာမြစ်ရေတင်စီမံကိန်းမှ မိုးစပါးဧက ၅၀၀ လျာထားမှုမှ ဧက ၁၅၀ ပျိုးထောင် ပြီးစီးမှု အခြေအနေများကို တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရွာသစ်မြစ်ရေတင်စီမံကိန်း ရေတင်အမှတ်(၂) စက်ရုံနှင့် ဒုတိယအဆင့် မြောင်းမကြီးသို့ ရေတင်နေမှုနှင့် မြောင်းမကြီး၏ ကြွခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် မြင်းခြံမြို့နယ် ဆီမီးခုံ အပိုင်း(၂) မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြပြီး ဧရာဝတီမြစ်ရေကို ပင်မမြောင်းမကြီးသို့လည်းကောင်း၊ ပင်မမြောင်းမကြီးမှ ရေကို ဒုတိယဆင့် မြောင်းမကြီးသို့လည်းကောင်း ရေစုပ်စက်ကြီးများဖြင့် ရေစုပ်တင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ မြင်းခြံခရိုင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဆန်းက ဆီမီးခုံအပိုင်း(၂) မြစ်ရေတင်စီမံကိန်းနှင့် ဆီမီးခုံ အပိုင်း(၁) မြစ်ရေတင် စီမံကိန်းဆိုင်ရာ လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြင်းခြံခရိုင်မှ တာဝန်ရှိသူတို့က သီးနှံစိုက်ပျိုးရန် လျာထားသော မြေသားများပြုပြင်ပြီးစီးမှုနှင့် စိုက်ပျိုးပြီးစီးမှုတို့ကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

၂၀၀၃-၂၀၀၄ခုနှစ်တွင် မိုးစပါးဧက ၁၃၅၀စိုက်ပျိုးရန် လျာထားရာ ၃၀၁ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြင်းခြံမြို့နယ် ဆီမီးခုံအပိုင်း(၂) တိုးချဲ့မြောင်းမကြီးသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူတို့က မြောင်းမကြီးအတွင်း ရေတင်နိုင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန်ရှိသည်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

၂၀၀၃-၂၀၀၄ ခုနှစ်တွင် မိုးစပါးဧက ၉၀၀ စိုက်ပျိုးရန် လျာထားကာ မြေယာပြုပြင်မှုများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မြင်းခြံမြစ်ရေတင်(သာပေါင်း) မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ မြင်းခြံခရိုင် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဆန်းက စီမံကိန်းလုပ်ငန်းဆိုင်ရာများနှင့် ဆက်လက်လုပ်ဆောင်ရမည်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြင်းခြံ (သာပေါင်း) မြစ်ရေတင်စီမံကိန်း ပင်မမြောင်းမကြီးကို ကြည့်ရှုစစ်ဆေးကြပြီး မြင်းခြံမြို့သို့ ဆက်လက်ထွက်ခွာကြသည်။

မြင်းခြံ(သာပေါင်း) မြစ်ရေတင်စီမံကိန်းသည် စပါးဧက ၅၀၀၊ ဝါဧက ၁၀၀၀၊ ပဲနှင့် ဆီထွက် သီးနှံဧက ၂၇၂၃ဧက စုစုပေါင်းဧက ၄၂၂၃ဧကကို စိုက်ပျိုးရေပေးဝေရန် လျာထားပြီး ၂၀၀၃-၂၀၀၄ ခုနှစ်တွင် မိုးစပါးဧက ၅၀၀ စိုက်ပျိုးရန် လျာထားရာ ၄၉၈ ဧကကို မြေပြုပြင်ပြီးစီးခဲ့၍ ၁၄၈ ဧကတွင် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင် မြင်းခြံမြို့ရှိ အစိုးရ စက်မှုလက်မှုသိပ္ပံ(မြင်းခြံ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအဆောက်အအုံများ ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး မြင်းခြံမြို့၌ ညအိပ်ရပ်နားသည်။

အဆိုပါ အစိုးရ စက်မှုလက်မှုသိပ္ပံ(မြင်းခြံ) ဆောက်လုပ်ရေးစီမံကိန်းသည် ယခုအခါ တည်ဆောက်မှုလုပ်ငန်းအားလုံး၏ ၁၃ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး ဆောက်လုပ်မှုလုပ်ငန်းများကို ဆက်လက် လုပ်ဆောင်လျက်ရှိသည်။(သတင်းစဉ်)

ခြောက်တိုင်းလည်း မကြောက်နဲ့

မြန်မာ-ကိုရီးယား စီးပွားရေးဆိုင်ရာ ဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံး စီးပွားရေးဌာန (KOTRA)၏ စီစဉ်မှုဖြင့် မြန်မာ-ကိုရီးယား စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် Ballroom(2) ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကိုရီးယားသမ္မတနိုင်ငံ ဒေဂူး(Daegu)မြို့ရှိ စီးပွားရေးလုပ်ငန်းကုမ္ပဏီ ကိုးခုတို့မှ ထုတ်လုပ်ရောင်းချသော ပလတ်စတစ်နှင့် ပတ်သက်သည့် ပစ္စည်းပုံစံအမျိုးမျိုး၊ အထည်အလိပ်လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများနှင့် အထည်အလိပ်အမျိုးမျိုး၊ မျက်မှန်ပစ္စည်းအမျိုးမျိုး၊ မီးစက်အမျိုးမျိုး၊ ကားအဲယားကွန်းများနှင့် ကားပစ္စည်းအမျိုးမျိုး၊ သွားဘက်ဆိုင်ရာ ပစ္စည်းအမျိုးမျိုးတို့နှင့် စပ်လျဉ်း၍ အဆိုပါကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရှိ စိတ်ဝင်စားသော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့နှင့်သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Kyung Woo၊ စီးပွားရေးသံမှူး Mr. Chol Yong - Taeနှင့် သံရုံး တာဝန်ရှိသူများက လာရောက်ကြည့်ရှု အားပေးကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Lee Kyung Woo နှင့် တာဝန်ရှိသူများ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသော မြန်မာ-ကိုရီးယား စီးပွားရေး လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်အားပေးစဉ်။
(သတင်းစဉ်)

ပဉ္စမအကြိမ် ကမ္ဘောဇ သာမဏေကျော်စာမေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့် မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ပဉ္စမအကြိမ် ကမ္ဘောဇသာမဏေကျော် စာမေးပွဲကို ၁၃၆၅ခု သီတင်းကျွတ်လပြည့်ကျော်၇ရက်၊ အောက်တိုဘာ ၁၇ရက်မှ စတင်၍ သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်၊ အောက်တိုဘာ ၂၃ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ ပထမအဆင့် ဖြေဆိုသူများသည် သီတင်းကျွတ်လပြည့်ကျော် ၇ရက်တွင် နှုတ်မေးခွန်းများ ဖြေဆိုရမည်ဖြစ်ပြီး ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် သုံးဆင့်လုံးအတွက် သဘောရေးဖြေကို သီတင်းကျွတ်လပြည့်ကျော် ၈၊ ၉၊ ၁၀ ရက်များတွင် ဖြေဆိုရမည်ဖြစ်သည်။

စာမေးပွဲဖြေဆိုလိုသော ရှင်သာမဏေများသည် ဝင်ခွင့်ပုံစံများကို တောင်းယူပြီး တော်သလင်းလပြည့်၊ စက်တင်ဘာ ၁၀ရက်ထက် နောက်မကျစေဘဲ အတွင်းရေးမှူး ဦးထွန်းအေးလေး မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်ရပ်ကွက် တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၆၇၃ သို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

နိကာယ်စာလျှောက်မေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

(၂၉)ကြိမ်မြောက် နိကာယ်သာသနာတော် ထွန်းကားရေးအသင်းကြီး၏ စာလျှောက်မေးပွဲကို ယခုနှစ် နိုဝင်ဘာ ၁၈ရက်မှစ၍ ခြောက်ရက်တိုင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဘုတာရုံလမ်း ပဋ္ဌနိကာယ သာသနာ့ဗိမာန်တော်တွင် ကျင်းပမည်ဖြစ်သည်။ ဝင်ရောက်ဖြေဆို ကြမည့် ပုဂ္ဂိုလ်များ ဝင်ခွင့်ပုံစံများကို အသင်းတိုက်တွင် တောင်းယူပြီး လာမည့် အောက်တိုဘာ ၁၀ရက် နောက်ဆုံးထား၍ ဖော်ပြပါ လိပ်စာသို့ ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

သလပ်ချောင်း တံတား

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့မှ ငွေဆောင်ကမ်းခြေ အသွားလမ်း မိုင်တိုင် ၉ မိုင် လေးဖာလုံအရောက် သလပ်ချောင်းကျေးရွာ သလပ်ချောင်းကိုဖြတ်၍ မော်တော်ယာဉ်ခွင့်ပြုတန် ၂၀၊ ပေ ၃၆၀ ရှည်လျားသော သလပ်ချောင်းတံတားကို ဇူလိုင် ၁၉ ရက်က ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း- ငွေအောင်-ကြေးမုံ)

ရွှေညောင်-နမ့်စန် ရထားလမ်း ဖောက်လုပ်ရေး

ရွှေညောင်-နမ့်စန် ရထား လမ်းဖောက်လုပ်မှု လုပ်ငန်းတွင် တပ်မတော်သားများ ပါဝင် လုပ်အားပေးလျက်ရှိသည်ကို ကျောက်စခန်းတစ်ခု၌ ဤသို့ တွေ့ရသည်။

(ဓာတ်ပုံ-မိုးမြင့်လှိုင်)

ပြည်ထောင်စု တစ်ခွင် တည်ဆောက် မြင့်တင်

ပုံညာတောင် ဥမင်အနောက်ဘက်

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းဒေသ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းတစ်ရပ်ဖြစ်သည့် ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်းပိုင်း ကျော-ရေမျက်နီအပိုင်းတွင် ပေ ၅၆၁၀အရှည်ရှိသော ဥမင်လိုဏ်ခေါင်း ရထားလမ်းတစ်ခုပါရှိသည်။ (ထိုဥမင်ရထားလမ်းကို မြန်မာမီးရထားအင်ဂျင်နီယာ အဖွဲ့က နိုင်ငံခြားအကူအညီမပါဘဲ အောင်မြင်စွာဖောက်လုပ်ခဲ့သည်။ အပေါ်ပုံတွင် အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့သော ပုံညာတောင်ဥမင် အနောက်ဘက်ခြမ်းကို တွေ့ရစဉ်။)

(ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်)

ဓာတ်ပုံ မှတ်တမ်း ငွေအောင် (ကြေးမုံ)၊ အောင်မိုး (ကြေးမုံ) ရေချမ်းမြင့်နှင့် မိုးမြင့်လှိုင်

သင်ပုန်း ရေလှောင်တမံ တည်ဆောက်

မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် တည်ဆောက်လျက်ရှိသော သင်ပုန်း ရေလှောင်တမံတွင် ပိုလျှံသော ရေများထုတ်ရန်အတွက် ရေပိုလွှဲတည်ဆောက်နေသည်ကို ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။*(ဓာတ်ပုံမှတ်တမ်း-အောင်မိုး-ကြေးမုံ)*



သားချင်းတို့အတွက် ကျိုင်းတောင်းရေတံခွန်ကြီးမှ စီးဆင်းလာမည့် လျှပ်စစ်ဓာတ်အားများ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ –ခရမ်းစိုးမြင့်

ရန်ကုန် ဇူလိုင် ၂၉

နမ့်တိန်းချောင်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်တွင် မြစ်ဖျားခံပြီး လဲချား၊ နမ့်စန်၊ လင်းခေးမြို့နယ် အပါအဝင် ရှမ်းပြည်နယ်(တောင်ပိုင်း)ကို မိုင် ၂၀၀ ခန့် ဖြတ်သန်း စီးဆင်းကာ လင်းခေးမြို့နယ် တာဆွတ်တိန်းရွာအနီးမှ သံလွင်မြစ်အတွင်း စီးဝင်လျက်ရှိသည်။

လွိုင်လင်ခရိုင် မိုးနဲမြို့နယ်၏ အရှေ့ဘက်မိုင် ၃၀ ခန့်အကွာ နမ့်တိန်းချောင်းပေါ်တွင် အမြင့်ပေ ၄၁၀ ရှိပြီး ရေဆင်းဧရိယာ ၂၃၂၅ စတုရန်းမိုင် ကျယ်ဝန်းသည့် ကျိုင်းတောင်းရေတံခွန်ကြီး ဖြစ်ပေါ်တည်ရှိနေပေသည်။

သို့ဖြစ်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနသည် ကျိုင်းတောင်း ရေတံခွန်ကြီးကို အမှီပြု၍ ယခုအခါ ရေအားလျှပ်စစ်စီမံကိန်းကြီးတစ်ခုကို တည်ဆောက်လျက်ရှိသည်။

ပဏာမ စူးစမ်းတိုင်းတာခြင်းလုပ်ငန်းမှ တွက်ချက်ထားသော ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၏ အဓိကအချက်အလက်များဖြစ်သော ချောင်းအမည်မှာ နမ့်တိန်းချောင်း (ကျိုင်းတောင်းရေတံခွန်)၊ ရေဆင်းဧရိယာမှာ ၂၃၂၅ စတုရန်းမိုင် ကျယ်ဝန်းသည်။ ထိုဝန်းကျင် (မိုးနဲမြို့)တွင် နှစ်စဉ် ပျမ်းမျှမိုးရေချိန် လက်မ ၅၀ ရွာသွန်းလျက်ရှိသည်။ ရေအားအမြင့်ပေ ၄၁၀ ရှိပြီး နမ့်တိန်းချောင်း၏ ပျမ်းမျှရေစီးနှုန်းမှာ ၃၅၀၀ ကုဗပေ/စက္ကန့်နှင့် စီးဆင်းလျက်ရှိသည်။

ဓာတ်အားပေးစက်ရုံကို ကျိုင်းတောင်းရေတံခွန်ကြီး၏ အောက်ခြေတွင် အလျား ၁၇၅ ပေ၊ အနံပေ ၁၂၀၊ အမြင့်ပေ ၉၀ ရှိ သံကူကွန်ကရစ် အမျိုးအစားဖြင့် တည်ဆောက်မည်ဖြစ်သည်။

တပ်ဆင်မည့် စက်အင်အားမှာ ၅၄ မဂ္ဂါဝပ်ရှိမည်ဖြစ်ပြီး တာဘိုင်အမျိုးအစားမှာ ဒေါင်လိုက်ဖရန်စစ်တာဘိုင်ဖြစ်သည်။ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၄၇၂ သန်း ထုတ်လွှတ်ဖြန့်ဖြူးမည်ဖြစ်သည်။

ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းတွင် တည်ဆောက်မည့် စီမံကိန်းအဆောက်အအုံတို့မှာ အလျားပေ ၁၅၀နှင့် အမြင့် ၁၂ ပေရှိမည့် ကွန်ကရစ်ရေလွှဲဆည်တစ်ခု၊ အကျယ်လေးပေ၊ အမြင့်ခြောက်ပေရှိမည့် သံတံခါးရွက်တပ်ရေတံခါးနှစ်ပေါက်ပါမည့် သဲထုတ်ရေတံခါးတစ်ခု၊ အလျားပေ ၆၀၊ အနံပေ ၄၀၊ အမြင့် ၃၂ ပေရှိမည့် ရေယူအဆောက်အအုံတစ်ခု၊ အလျားပေ ၆၅၆၀၊ အနံ ၁၅ပေနှင့် အမြင့် ၁၂ပေရှိမည့် သံကူကွန်ကရစ် ထောင့်မှန်စတုဂံဖြတ်ပိုင်းပုံ ရေသွယ်မြောင်းတစ်မြောင်း၊ အလျားပေ ၃၆၀၊ အနံပေ ၈၀ နှင့် အမြင့်ပေ ၂၀ ရှိမည့် သံကူကွန်ကရစ်အမျိုးအစား ရေထိန်းကန်တစ်ကန်၊ အရှည်ပေ ၁၅၀၀နှင့် အချင်း ၁၀ ဒသမ ၅ ပေ ရှိမည့် ဖိအားမြင့် သံမဏိပိုက်လိုင်းတစ်လိုင်းတို့ဖြစ်သည်။

ယခုအခါ လုပ်ငန်းဆောင်ရွက်ထားရှိမှုတွင် စူးစမ်းတိုင်းတာခြင်း လုပ်ငန်းများကို ပထမအကြိမ်အဖြစ် ၈-၆-၂၀၀၁ နေ့မှ ၂၂-၆-၂၀၀၁ နေ့အထိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ရေအားလျှပ်စစ်



အကောင်အထည်ဖော်ရေးဌာနအဖွဲ့ကလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်လျက် ရေအားလျှပ်စစ်ဦးစီးဌာနမှ အဖွဲ့သည် ၂-၉-၂၀၀၂ နေ့မှ ၆-၉-၂၀၀၂ နေ့အထိလည်းကောင်း၊ ထို့အပြင် စူးစမ်းလေ့လာရေးဌာနခွဲမှ ဘူမိဗေဒအဖွဲ့၊ ဒီဇိုင်းပုံစံထုတ်နှင့် ပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူးတို့ ပါဝင်သောအဖွဲ့သည် ၁၁-၁၁-၂၀၀၂ နေ့မှ ၂- ၁၂-၂၀၀၂ နေ့အထိနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်လျက် ညွှန်ကြားရေးမှူး (ဒီဇိုင်းပုံစံထုတ်) နှင့် The Kansai Electric Power Co., INC မှ ဂျပန်ကျွမ်းကျင်ပညာရှင်လေးဦးတို့သည် ၂၂-၁၁-၂၀၀၂ နေ့တို့တွင် ကျိုင်းတောင်း စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြ၍ ပဏာမစူးစမ်းတိုင်းတာရေး ဆောင်ရွက်ခြင်း၊ ဘူမိဗေဒဆိုင်ရာ လေ့လာခြင်း၊ တည်ဆောက်ရေးပစ္စည်းများ စူးစမ်းလေ့လာရှာဖွေခြင်း၊ ရေအားအဆောက်အအုံများ နေရာရွေးချယ် သတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယခုအခါ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း အကြိုတည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်နိုင်ရန် လက်ထောက်ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာများ၊ ကျွမ်းကျင်ဝန်ထမ်းများသည် ကျိုင်းတောင်းမြို့ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း အခြေစိုက်စခန်းနှင့် စီမံကိန်းလုပ်ငန်းခွင်များ၏ အကြိုတည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။ စီမံကိန်းကာလမှာ ၂၀၀၂-၂၀၀၃ မှစတင်ကာ ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် မိုးနဲမြို့နယ် နမ့်တိန်းချောင်းပေါ်တွင် လှပစွာ ဖြစ်ပေါ်တည်ရှိနေသည့် ကျိုင်းတောင်း ရေတံခွန်ကြီးကို ဤသို့တွေ့ရသည်။ (ထိုရေတံခွန်ကြီးကို အမှီပြု၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက နှစ်စဉ် ပျမ်းမျှကီလိုဝပ် နာရီသန်းပေါင်း ၄၇၂ သန်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့် ရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်တော့မည်ဖြစ်သည်။) (ဓာတ်ပုံ–ခရမ်းစိုးမြင့်)

ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းတွင် ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း လုပ်ငန်းကိုလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဦးစီးဌာနကဆောင်ရွက်သွားမည်ဖြစ်ရာ ၆၆ကေဗွီဖြင့် ကျိုင်းတောင်းမှ မိုးနဲ၃၁မိုင်ကို ဓာတ်အားလိုင်းတစ်လိုင်း၊ မိုးနဲမှ နမ့်စန် မိုင် ၃၀ ကို ဓာတ်အားလိုင်းတစ်လိုင်း၊ နမ့်စန်မှ–လွိုင်လင် ၁၂မိုင်ကို ဓာတ်အားလိုင်းတစ်လိုင်း၊ လွိုင်လင်မှတောင်ကြီး ၅၇မိုင်ကို ဓာတ်အားလိုင်းတစ်လိုင်းဖြင့် စုစုပေါင်းဓာတ်အားလိုင်း မိုင် ၁၃၀ ကို သွယ်တန်း တည်ဆောက်သွားမည်ဖြစ်သည်။

ထို့အပြင် ဓာတ်အားခွဲရုံများကို ကျိုင်းတောင်းတွင် ၁၁/၆၆ကေဗွီ–၇၅အမ်ဗွီအေ ဓာတ်အားခွဲတစ်ရုံ၊ မိုးနဲတွင် ၆၆/၃၃/၁၁ ကေဗွီ–၅အမ် ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ၊ နမ့်စန်တွင် ၆၆/၁၁ကေဗွီ ၃၀အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ၊ လွိုင်လင်တွင် ၆၆/၁၁–ကေဗွီ ၁၀–အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်၍ ကျိုင်းတောင်းမှ မိုးနဲ/မိုးနဲမှ လင်းခေး၊ မိုင်းပန်သို့လည်းကောင်း၊ မိုးနဲမှပင် နမ့်စန်၊ လွိုင်လင်၊ မိုင်းပွန်၊ တောင်ကြီးသို့ လည်းကောင်း လွိုင်လင်မှ ပင်လုံနှင့် လဲချားမြို့များသို့ လျှပ်စစ်ဓာတ်အားများ ထုတ်လွှတ်ဖြန့်ဖြူးပေးသွားမည်ဟု သိရပေသည်။ ။ **(ကြေးမုံ)**

စီမံကိန်းမြေပုံ

ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးပါက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည့် အစီအစဉ်နှင့် ဓာတ်အားခွဲရုံများ တည်ဆောက်မည့် အစီအစဉ်ကို ဤသို့ ရေးဆွဲထားသည်။
(ဓာတ်ပုံ–ခရမ်းစိုးမြင့်)



နန့်တိန်းချောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်မှ မြစ်ဖျားခံပြီး လဲချား၊ နမ့်စန်၊ လင်းခေးမြို့နယ် အပါအဝင် ရှမ်းပြည်နယ်တောင်ပိုင်းတွင် မိုင် ၂၀၀ ခန့် ဖြတ်သန်း စီးဆင်းနေသည့် နမ့်တိန်းချောင်းကို ကျိုင်းတောင်း၌ ဤသို့ တွေ့ခဲ့ရသည်။
(ဓာတ်ပုံ–ခရမ်းစိုးမြင့်)

❀ စာမျက်နှာ ၉ မှ
ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရှင်းလင်းမှာကြားရာ၌ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ အဆင့်မြင့်ပညာဆရာ၊ဆရာမများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ မိမိတို့ကိုယ်ကို အသိပညာကြွယ်ဝအောင် အစဉ်အမြဲ ဆည်းပူးနေရသကဲ့သို့ အခြေခံပညာကျောင်းများက ပုံဖော်ပေးလိုက်သော ကျောင်းသား၊ ကျောင်းသူများကို အဆင့်မြင့်ပညာတတ်များ၊ ထူးချွန်ထက်မြက်သူများဖြစ်လာအောင် ပန်းထမ်း မြင့်တင်ပေးနေရကြောင်း၊ တိုင်းပြည်၌ အသိပညာရှင်၊ အတတ်ပညာရှင်၊ ပညာတတ်များ ပေါများမှသာလျှင် ထက်မြက်သော လူ့အရင်းအမြစ်များ၏ စွမ်းအားဖြင့် ခေတ်မီနိုင်ငံတော်ကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့်လည်း ပြည်နယ်၊တိုင်းများနှင့် အချက်အချာကျသောဒေသများ၌ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ ဤကလေးဒေသသည် ကလေးဒေသအပြင် တမူးဒေသ၊ မော်လိုက်ဒေသစသည့် စစ်ကိုင်းတိုင်း၏ နယ်မြေဒေသများအတွက်သာမက ချင်းပြည်နယ်(မြောက်ပိုင်း)၏ နယ်မြေများအတွက်ပါ စီးပွားရေးအရ၊ လူမှုရေးအရ ဆက်စပ်အရေးပါသော အချက်အချာဒေသဖြစ်ကြောင်း။

ထို့ကြောင့်ကလေးတက္ကသိုလ်နှင့် ကလေးမြို့ရှိ ကောလိပ်များ၌ ချင်းပြည်နယ်(မြောက်ပိုင်း)မှ ကျောင်းသား၊ ကျောင်းသူများစွာ တက်ရောက်နေသကဲ့သို့ ခုတင် (၂၀၀)ဆံ့ ခရိုင်ဆေးရုံကြီး၌လည်း ချင်းပြည်နယ်မှ မမာမကျန်းသူများ အပါအဝင် လူနာပေါင်းပျမ်းမျှ ၂၀၀ကျော် တက်ရောက်ကုသလျက်ရှိကြောင်း၊ ဒေသအလိုက် ထူထောင်ထားသော တက္ကသိုလ်၊ ကောလိပ်များနှင့် ဆေးရုံများကို ယခုကဲ့သို့အပြည့်အဝ အသုံးပြုနိုင်ခြင်းမှာ စီးပွားရေးအရ၊လူမှုရေးအရ၊ ပထဝီအနေအထားအရ၊ သွားရေးလာရေးအရ အချက်အချာကျနေခြင်းကြောင့်ပင် ဖြစ်ကြောင်း။

မိမိတို့တက္ကသိုလ်၌ ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်က အားကိုးရသော ပညာတတ်များဖြစ်လာရုံသာမက နိုင်ငံတော်နှင့် လူမျိုးအတွက် ဂုဏ်ယူတတ်သော၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသော နိုင်ငံသားကောင်းများဖြစ်လာအောင် ပြုစုစောင့်ရှောက်ပေးကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ကလေးတက္ကသိုလ်မှ သင်ကြား/စီမံဝန်ထမ်းများနှင့် တွေ့ဆုံအပြီးတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကလေးမြို့ ဒေသခံတပ်ရင်းအားကစားကွင်း၌ စီစဉ်ပြသထားသည့် ကလေးစက်မှုဇုန်က ထုတ်လုပ်သော မောင်မြန်မာစူပါဂျစ်များကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ပုံနှိပ်စက်

ဆက်လက်၍ အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် အော့ဖ်ဆက် ပုံနှိပ်စက်တီထွင်ထားမှုနှင့် လက်တွေ့ ပုံနှိပ်ပြသမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ထို့နောက် တာဘိုင်ဒိုင်နမိုအမျိုးမျိုး၊ အသေးစား ရေအားလျှပ်စစ်ထုတ်စက်၊ အိမ်သုံးလက်ရိုက်ပန့်၊ ထယ်ခဲချေစက်တုံး၊ ရက်ကန်းစက်အပိုပစ္စည်းများ၊ တာဘိုင်သုံးအရန်ပစ္စည်းများ၊ လယ်ယာသုံး(၁၂)သွားထွန်၊ သီးနှံသုံးမျိုးခြွေလှေ့စက်၊ စပါးခြွေလှေ့စက်တို့ကို ကြည့်ရှုစစ်ဆေးပြီး စက်မှုလက်မှုလုပ်ငန်းရှင်များအား အားပေးစကားပြောကြားသည်။ ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် ကလေးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ကလေးမြို့သို့ရောက်ရှိစဉ် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင် ၂၅ရက် ညပိုင်းတွင် ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သွားရောက်ပြီး နံရံကပ်စာစောင်များ၊ ရုပ်မြင်သံကြားပြသခန်းနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကမာရွတ်မြို့နယ် ဝါတွင်းတရားစခန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၈) ဝဂ္ဂရပ်ကွက် နာနတ်တောလမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၁၃) ဣစ္ဆာရာမကျောင်းတိုက်၌ ၁၃၆၅ခုနှစ် ဝါခေါင်လဆန်း ၆ရက်မှ ဝါခေါင်လပြည့်နေ့အထိလည်းကောင်း၊ ဝါခေါင်လပြည့်ကျော် ၆ရက်မှ တော်သလင်းလဆန်း ၁ရက်ထိလည်းကောင်း မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၁၀ရက်တရားစခန်းပွဲများ ဖွင့်လှစ်ပြီး ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ပညာဝံသနှင့် ဆရာတော်များက ဟောကြားပြသမည်ဖြစ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထို့နောက် ဝန်ကြီးသည် ခရိုင်ဦးစီးမှူးနှင့် ကလေး၊ မင်းကင်း၊ ဖောင်းပြင်၊ မော်လိုက်မြို့နယ်တို့မှ ဒုတိယဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ကလေးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် ကိုယ်ပွားသတင်းစာတိုက်တို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ကိုယ်ပွားသတင်းစာတိုက်သို့ သွားရောက်ပြီး သတင်းစာပုံနှိပ်စက်များ၊ အင်တာနက်အခန်း၊ ပလိပ်ကူးခန်း၊ ဖလင်ပုံတွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဇူလိုင် ၂၆ရက် နံနက်ပိုင်းတွင် ကလေးမြို့ ကျီကုန်းတပ်နယ်ရှိ ဥစားကြက် မွေးမြူရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးသည် ကလေးမြို့ ငါးလုပ်ငန်းဦးစီးဌာန၌ ဝန်ထမ်းများနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာနနှင့် ကလေးတပ်နယ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ငါးသားပေါက်စခန်းနှင့် ကြက်ခြံကိုလည်းကောင်း၊ ဒေသခံတပ်ရင်းရှိ ဝက်ခြံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများ ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၉

Saya Tony ဦးဆောင်သော OBF Language Centre တွင် အင်္ဂလိပ်စာကို စနစ်တကျ ကျွမ်းကျင်စွာ သင်ယူလိုသူများအတွက် အင်္ဂလိပ်စကားပြောသင်တန်းများ၊ Grammar, General English, All Round Development Course (Speaking+Writing+Listening+ Reading), Foreign-Going English, TOEFL+(Twe), IELTS သင်တန်းများကို Saya Tony ကိုယ်တိုင်သင်ကြားပေးမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။ လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်လျက်ရှိရာ အမှတ်(၂၃၃) ၃၅လမ်း အထက်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၈၆၀၁၇ သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

1. **Auditor°(B.Com/CPA)** ကျား/မ (၁)ဦး
လုပ်ငန်းတစ်ခုလုံး၏စာရင်းများအား စစ်ဆေးနိုင်ပြီး
အတွေ့အကြုံ(၅)နှစ်နှင့် အထက်ရှိရမည်။
2. **Accountant°(B.Com/LCCI°III)** ကျား/မ (၃)ဦး
(ရန်ကုန်၊ မြစ်ကြီးနား၊ စစ်တွေ)
Computerized Accounting ကျွမ်းကျင်ပြီး လုပ်ငန်းအတွေ့အကြုံရှိရမည်။
3. **Product°Manager°(ရန်ကုန်)** ကျား/မ (၃)ဦး
M.B.B.S(သို့) AnyGraduate ဖြစ်ရမည်။ ဆေးဝါးရောင်းချသည့်လုပ်ငန်းကျွမ်းကျင်ပြီး အတွေ့အကြုံရှိရမည်။ ဆေးရောင်းချသည့်အဖွဲ့ကို စီမံ အုပ်ချုပ်နိုင်သူဖြစ်ရမည်။ ယခင်က ဆေးဝါး ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်း လုပ်ကိုင်ခဲ့ဖူးသူကို ဦးစားပေးမည်။
4. **Assistant°Sales°°Manager** ကျား/မ (၅)ဦး
(ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မြစ်ကြီးနား၊ စစ်တွေ)
ဘွဲ့ရ၊ အသက် ၂၈-၄၅နှစ်၊ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်အထက်ရှိသူဖြစ်ရမည်။ နယ်ခရီးသွားနိုင်သူဖြစ်ရမည်။
5. **Medical Representative** ကျား/မ (၃)ဦး
(မန္တလေး၊ မြစ်ကြီးနား၊ စစ်တွေ)
ဘွဲ့ရရှိသူဖြစ်ပြီး ဆေးနှင့်ဆေးပစ္စည်းအကြောင်း နားလည်၍ လုပ်ငန်းအတွေ့အကြုံရှိရမည်။ အင်္ဂလိပ်စာ အရေးအပြော ကျွမ်းကျင်ပြီး ခရီးသွားလာနိုင်သူဖြစ်ရမည်။
6. **Sales Promotor** ကျား/မ (၁၀)ဦး
(ရန်ကုန်၊မန္တလေး၊တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ စစ်တွေ)
အသက် ၂၂နှစ်နှင့်အထက် သွက်လက်ချက်ချာပြီး
အရောင်းလုပ်ငန်းအတွေ့အကြုံရှိသူ နယ်ခရီးသွားလာနိုင်သူဖြစ်ရမည်။
7. **Office Secretary (ရန်ကုန်)** မ (၂)ဦး
အသက် ၂၅-၃၅နှစ်အတွင်းဖြစ်ပြီး MicrosoftOffice ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။ အင်္ဂလိပ်စာအရေးအပြောကျွမ်းကျင်ပြီး ရုံးလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၃နှစ်ရှိရမည်။
8. **ဆေးဆိုင်မန်နေဂျာ(ရန်ကုန်)** ကျား/မ (၁)ဦး
အသက် ၂၈-၄၀နှစ်ကြား၊ ဘွဲ့ရရှိသူဖြစ်ပြီး ဆေးဝါးမျိုးစုံရောင်းချနိုင်သော အတွေ့အကြုံရှိပြီး ဆိုင်တစ်ခုလုံးအား တာဝန်ယူအုပ်ချုပ်နိုင်ရမည်။
9. **ကောင်တာအရောင်းဝန်ထမ်း(ရန်ကုန်)** ကျား/မ (၃)ဦး
သွက်လက်ချက်ချာပြီး ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။
အခြေခံပညာအထက်တန်း အောင်ရမည်။
10. **Office Staff (Export/Import) (ရန်ကုန်)** ကျား/မ (၂)ဦး
Export/Import နှင့်ပတ်သက်သည့် လိုင်စင်ကိစ္စများ၊ MFTB နှင့် MICB မှ TT,LC ကိစ္စများကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရမည်။

အထက်ပါအလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာသည့်ရက်မှ ၁၀ရက်အတွင်း မိမိတို့ CV(ကိုယ်ရေးရာဇဝင်)၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ မိမိကိုဆက်သွယ်ရန်လွယ်ကူသော ဖုန်းနံပါတ်၊ အိမ်လိပ်စာအပြည့်အစုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူတို့နှင့်အတူ မိမိလျှောက်ထားလိုသောရာထူးကို တိကျစွာဖော်ပြ၍ ရန်ကုန်စာတိုက် သေတ္တာအမှတ် ၁၁၄သို့ ပေးပို့လျှောက်ထားနိုင်သည်။ **(နယ်မှလျှောက်ထားသူများသည် အမြန်ချောပို့နှင့်ပို့ပါရန်)**

ဏူနီတံ ခရီးစဉ်အဆင့်မြင့်ခရီးသွားဝန်ဆောင်မှု
နှိုင်းယှဉ်ခံစား - သန့်စင်သောဝန်ဆောင်မှုကောင်းများဖြင့်
■ မန္တလေး(တောင်ပြုံးပွဲ) မြကျောက်-ပြင်ဦးလွင်-စစ်ကိုင်း-မင်းကွန်း ....6 Aug.
ခရီးစဉ်၌ A/C Bus, Restaurant, Hotel
■ အဘိုးတော်အောင်မင်းခေါင်၏......ဝိဇ္ဇာစခန်း ထွက်ရပ်လမ်းမြတ်၊ မြန်ကြွအောင်ပွဲ၊ (၅၁)နှစ်မြောက်ပူဇော်ပွဲ၊ ပုပ္ပားနှင့် ပုဂံဘုရားစုံဖူး ....10 Sep.
၂၇၄၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်) Ph: 378547, 254250

ချော့တိုင်းလည်း
မပျော့နဲ့

ဂုဏ်ယူဝမ်းမြောက်ခြင်း

Fuji Heavy Industries Ltd. (JAPAN) နှင့် Twin Star Co,Ltd. တို့ပူးပေါင်းကျင်းပသော Robin အင်ဂျင်၊ မီးစက်နှင့် ရေပန့်များ ရောင်းအားအကောင်းဆုံးဆု ရွေးချယ်ပွဲတွင် ရောင်းအားအကောင်းဆုံးဆု ရွေးချယ်ခံရပြီး ဂျပန်နိုင်ငံသို့ ဂုဏ်ပြုစေလွှတ်ခြင်းခံရသည့်-

K.B.K စက်နှင့်စက်ပစ္စည်း ရောင်းဝယ်ရေးမှ Managing Director ဦးစိုးသင်း နှင့်
M.S.W စက်နှင့်စက်ပစ္စည်း ရောင်းဝယ်ရေးမှ Managing Director ဦးစိန်ဝင်းတို့အား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မမော်	**- ရွှေလမင်းဒိုင်နမိုလုပ်ငန်း**	**ဦးစံညွန့်**	**- အင်ကြင်းမိသားစု**
ကိုမောင်အေး	**- ရွှေလမင်းဒိုင်နမိုလုပ်ငန်း**	**ဦးမောင်ငယ်**	**- အင်ကြင်းမိသားစု**
ဦးဇော်မင်း	**- ရွှေလမင်းဒိုင်နမိုလုပ်ငန်း**	**ဦးအောင်အောင်**	**- အင်ကြင်းမိသားစု**

မင်းကျောင်းဆရာတော်ကြီး မွေးနေ့တရားပွဲ

ရန်ကုန် ဇူလိုင် ၂၉

ဧရာဝတီတိုင်း ဖျာပုံမြို့ မဟာပုညာရာမတိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိသုတ သက်တော်ရှည်မင်းကျောင်းဆရာတော်ကြီး၏ (၈၂)နှစ်ပြည့် မွေးနေ့မင်္ဂလာပွဲတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီးမှ ကမ္မဋ္ဌာနာစရိယ သာသနာပြု နယ်လှည့်ဓမ္မကထိက အောင်စကြာ အရှင်စန္ဒာသီရိသည် ဖျာပုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဝါခေါင်လဆန်း(၇၊ ၈၊ ၉)ရက်၊ ဩဂုတ် (၄၊ ၅၊ ၆)ရက် ညများတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း သစ္စာလေးပါး တရားတော်များကို ညစဉ် ၇နာရီမှစ၍ ဟောကြားမည်ဟု သိရသည်။ (က-ပ)

ယောနယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၂၉

ယောနယ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ အသင်းကြီး၏ ဩဝါဒါစရိယ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်၊ ဂျပန်ပြည်သာသနာပြု ဆရာတော်အဂ္ဂမဟာပဏ္ဍိတ သက်တော်ရှည် ဘဒ္ဒန္တဝေပုလ္လ ဆရာတော်ကြီးများ အမှူးပြုသည့် ရန်ကုန်ရောက် ယောနယ်ဒေသ သံဃာ့မထေရ်ကြီးများကို ယောနယ်သူ၊ ယောနယ်သားများနှင့် ဓမ္မမိတ်ဆွေများက ပေါင်းစု၍ဝါဆိုသင်္ကန်းနှင့် ယောနယ်ဒေသ စားသောက်ဖွယ်ဘုံဆွမ်းဟင်းလျာများဖြင့် ၁၃၆၅ခု ဝါခေါင်လဆန်း ၆ရက် ဩဂုတ်၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယောနယ်အသင်းတိုက်၊ အမှတ်(၂၀၂) လမ်း၄၀ ကျောက်တံတားမြို့နယ်၌ ဆက်ကပ်လှူဒါန်းကြပြီး တိပိဋကဓရ ယောဆရာတော် ဟောကြားအပ်သော အနုမောဒနာတရားကို အတူတကွနာယူနိုင်ကြရန် နှိုးဆော်ဖိတ်ကြားထားသည်။ ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို အသင်းဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း-၂၄၀၆၁၄နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်မြ ဖုန်း-၂၅၂၈၁၁ တို့သို့ ကြိုတင် ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဝါတွင်းသုံးလ မိုးကုတ်တရားပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

လှိုင်မြို့နယ် အမှတ်(၁၄)ရပ်ကွက် မြနန္ဒာအိမ်ရာထိပ် အုတ်ကျင်းဘူတာအနီး မိုးကုတ်ဝိပဿနာ ဝိသုဒ္ဓါရာမ စိန်ပန်းကျောင်းတိုက်ကြီး အတွင်း၌ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း နံနက် ၉ နာရီတွင် စိန်ပန်းကျောင်း ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓနှင့် မိုးကုတ်နယ်လှည့်ဓမ္မကထိက ဒေါက်တာ ဦးကျော်မြင့်၊ မိုးကုတ် နယ်လှည့်ဓမ္မကထိက ဒေါ်ဝိမလစာရီတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ဥပနိဿယအတိုင်းပဋိစ္စသမုပ္ပါဒ် သင်တန်းနှင့် ခန္ဓာရှိဖြစ်ပျက် ဉာဏ်အသိမင်္ဂနှင့် ကိုက်အောင် ဟောကြားမည်ဟု သိရသည်။ (က-ပ)

ခေတ္တရာအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၉

ခေတ္တရာအသင်း ရန်ကုန်မြို့(ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပေါင်းတည်)က ကြီးမှူး၍ ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာန နာယကဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသ အမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဩဂုတ် ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ခေတ္တရာအသင်းဝင် မိသားစုများနှင့် စေတနာရှင်မည်သူမဆို တက်ရောက်ကြည်ညိုပူဇော်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ဆက်ကပ်လှူဒါန်းကြရန် ဖိတ်ကြားထားပြီး ဦးသန်းထွန်း ဖုန်း-၃၇၄၅၃၁၊ ဦးဌေးအောင်ဖုန်း-၂၄၆၄၈၅၊ ၅၀၃၆၆၇၊ ဦးတင်ထွန်း ဖုန်း-၅၁၀၂၁၅၊ ဦးဘိုနီ ဖုန်း-၇၀၉၀၄၅၊ ဦးခင်မောင်ဘို ဖုန်း-၆၅၁၉၃၈နှင့် ဒေါ်ဝင်းဝင်း ဖုန်း-၂၁၂၇၁၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

Financial Management သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၉

နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုရန်နှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီလုပ်ငန်းများ ပိုမိုစနစ်ကျ ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့လူ့စွမ်းအား အရင်းအမြစ်ကုမ္ပဏီ (MHR)မှ ဘဏ္ဍာရေး စီမံခန့်ခွဲမှုပညာ Financial Management Training သင်တန်းကို ဩဂုတ်လ ပထမပတ်မှစပြီး ရုံးချိန်၊ ကျောင်းချိန်ပြင်ပတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

MBA/DMA အချိန်ပြည့်သင်တန်းများ တက်ရောက်ရန် မအားလပ်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီဝန်ထမ်းများ၊ အလုပ်စတင်ဝင်ရောက်တော့မည့် ဒီပ္လိုမာ/သိပ္ပံဘွဲ့ရသူများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်ကြပြီး လူဦးရေကန့်သတ်ထားသဖြင့် MHR၊ အခန်းအမှတ်(၉၀၅)၊ (၉)လွှာ၊ အဆင့်မြင့်သံဈေးကွန်ဒို၊ လမ်းမတော်လမ်း၊ ဖုန်း-၇၀၇၈၂၂သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

သစ်ပင်စိုက်ပျိုးပွဲ

ဇူလိုင် ၁၇ရက်က ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁) ဒဂုံတွင်ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ တပျော်တပါး ကံ့ကော်ပင်များစိုက်ပျိုးစဉ်။ (သတင်းစဉ်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၉

Aung Tharaphu GCE , Training Centreတွင် အင်္ဂလိပ်ဘာသာရပ်များဆိုင်ရာ GCE , TOEFL & IELTS စသည့် နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ရ သင်တန်းများနှင့် English Language Speaking သင်တန်းများကို လစဉ်ပုံမှန် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် TOEFL စာမေးပွဲအတွက် Mock Tests များကိုလည်း ကျောင်းသားများအတွက် အပတ်စဉ် စီစဉ်ပေးလျက်ရှိသည့်အပြင် TOEFL စာမေးပွဲကိုလည်း လစဉ် ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အမှတ်(၁၀၅) လမ်းမတော်လမ်း၊ သံဈေးရှေ့ ဖုန်း-၂၁၂၃၅၇နှင့် ၂၅၂၈၂၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေ ဗီဒီယိုဇာတ်ကားသုံးကား ရိုက်ကူး

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေအတွက် ဗီဒီယိုဇာတ်ကားသုံးကားကို စတင်ရိုက်ကူးလျက်ရှိသည်ဟု သိရသည်။

စတင်ရိုက်ကူး

မကြာမီက ဒါရိုက်တာ မောင်မောင်ဦး (စနိုးပိုက်)က နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်တို့နှင့် ဗီဒီယိုဇာတ်ကားတစ်ကား စတင်ရိုက်ကူးလျက်ရှိသည်။

ထို့ပြင် ဒါရိုက်တာဝင်းထွန်းထွန်းကလည်း ရာဇာနေဝင်းဦးဆောင်သည့် သရုပ်ဆောင်အဖွဲ့နှင့် ဗီဒီယိုဇာတ်ကားတစ်ကားကို ဇူလိုင် ၁၅ ရက်က စတင်ရိုက်ကူးနေကြောင်း သိရသည်။

သင်တန်းဆင်းသရုပ်ဆောင်

အလားတူပင် ဒါရိုက်တာအေဝမ်းမောင်လှမျိုးနှင့် ခင်စောမျိုးတို့က မင်းမော်ကွန်း၊ စိုးမြတ်နန္ဒာတို့ ပါဝင်သရုပ်ဆောင်သည့် ဗီဒီယိုဇာတ်ကားတစ်ကား ရိုက်ကူးနေကြောင်းသိရသည်။ ၎င်းဇာတ်ကားများတွင် ရုပ်ရှင်သင်တန်းဆင်း သရုပ်ဆောင်များကို ထည့်သွင်း သရုပ်ဆောင်စေမည်ဟု သိရသည်။ **(ကြေးမုံ)**

အဖေ

ဆင်ဆာခွင့်ပြုချက်ရရှိထားသော ဒါရိုက်တာမိုက်တီး၏ "အဖေ" ရုပ်ရှင်ဇာတ်ကားမှ လွင်မိုးနှင့် ခိုင်သင်းကြည်။

မှုခင်းကျဆင်းရေးကို ဦးတည် မှုခင်းပဟေဠိ ဇာတ်ကားများရိုက်ကူး

ရန်ကုန် ဇူလိုင် ၂၉

မှုခင်းများကျဆင်းရေး ဦးတည်ချက်ဖြင့် မှုခင်းပဟေဠိဗီဒီယိုဇာတ်လမ်းများကို ဒါရိုက်တာ ရဲဝန်ထမ်းဟောင်းတစ်ဦးက စတင်ရိုက်ကူးနေပြီဟု သိရသည်။

တက်ရောက်

ထိုမှုခင်းပဟေဠိ ဗီဒီယိုဇာတ်လမ်းများ စတင်ရိုက်ကူးသည့် အခမ်းအနားကို မကြာမီက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဝင့်ခေါင်နှင့် ဒုတိယရဲမှူးကြီးများ၊ ရုပ်ရှင်အစည်းအရုံးမှ အလုပ်အမှုဆောင်များ၊ ဒါရိုက်တာနှင့် သရုပ်ဆောင်များ တက်ရောက်ကြသည်။

ထိုသို့ရိုက်ကူးရာတွင် **ခရမ်းပြာကိုစောင့်ကြည့်ပါ** ဇာတ်ကား၌ လွင်မိုး၊ နန္ဒ၊ နဝရတ်တို့ပါဝင်မည်ဖြစ်ပြီး **နောက်တစ်ယောက်**ဇာတ်ကား၌ လူမင်း၊ ထွန်းအိန္ဒြာဗိုနှင့် ရွှေရည်မိုးဦးတို့ ပါဝင်ကြမည်ဖြစ်သည်။

ထိုဇာတ်ကားများ၌ ရုပ်ရှင်သင်တန်းဆင်း သရုပ်ဆောင်အချို့လည်း ပါဝင်ကြမည်ဟု သိရသည်။ **(ကြေးမုံ)**

မကြာမီ ဖြန့်ချိပြသမည့် ဒါရိုက်တာ မောင်မောင်ဦး (စနိုးပိုက်)၏ "လိုတိုင်းတ၊ တတိုင်းရစေ" ဗီဒီယိုဇာတ်ကားမှ နိုင်းနိုင်းနှင့် နန္ဒာလှိုင်။

ရုပ်ရှင်

အိုဗာတင်း

မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ ကျော်ဇောလင်း ရိုက်ကူးပြီးစီးနေသည့် "အိုဗာတင်း"ဇာတ်ကားမှ လူမင်း၊ ထွန်းအိန္ဒြာဗိုနှင့် သရုပ်ဆောင်များ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် – ၃၀/၂၀၀၃
(၂၀၀၃ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ အလိုရှိပါသည်။

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဦးစီးအရာရှိ(မြို့ပြ)	မြို့ပြအင်ဂျင်နီယာဘွဲ့	၁၄ နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၉–၈–၂၀၀၃နေ့တွင် အသက်၃၅နှစ်(ဝန်ထမ်းဖြစ်ပါက အသက်၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) လုပ်ငန်းသဘာဝအရ အမျိုးသားဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၉–၈–၂၀၀၃ နေ့အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် – ၁/၉၀ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး** ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၉–၈–၂၀၀၃ နေ့အရောက် ပေးပို့ရမည်။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၃–၉–၂၀၀၃နေ့နှင့် ၁၄–၉–၂၀၀၃ နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၁၁–၉–၂၀၀၃နေ့မှစ၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း၊ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် – ၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော် ဆေးပဒေသာန်းပူဇော်ပွဲ နိုးဆော်စာ

မွန်ပြည်နယ်၊မော်လမြိုင်မြို့၏ ကျက်သရေဆောင် ဆံတော်ရှင်ကျိုက်သုတ်စေတီတော် မြတ်ကြီးတွင် မွန်ရိုးရာအစဉ်အလာမပျက် လွန်ခဲ့သောနှစ်ပေါင်း တစ်ရာကျော်မှစ၍ ဆေးပဒေသာန်းပူဇော်ပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခုနှစ်တွင်လည်း ဆေးပဒေသာန်းပူဇော်ပွဲကို မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၀၈ကျောင်းသို့ လာမည့် ၁၃၆၅ခုနှစ် ဝါခေါင်လကွယ် ၂၆–၈–၂၀၀၃(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုက်သုတ်ဓမ္မာရုံ၌ သံဃာတော်များ၏ ကျန်းမာရေးအတွက် တိုင်းရင်းဆေးများ၊ နိုင်ငံခြားဆေးများဖြင့် အာယုဒါနဆေးအလှူတော် မင်္ဂလာဆေးပဒေသာန်းပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါကြည်လင်ပါရမီရှင်များသည် ဆေးနှင့်အလှူတော်ငွေများကို အောက်ပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

ရန်ကုန်မြို့
မော်လမြိုင်အသင်း(ရန်ကုန်)
ရွှေတိဂုံစေတီတော်(အနောက်ဘက်မုခ် အောက်ပစ္စယာ)၊ ဖုန်း – ၂၅၆၁၅၇။
ဦးစိုးဝင်း(ဒု – ဥက္ကဋ္ဌ)
အမှတ်–၁၇(က)၊ ဒုတိယထပ်၊ အင်းဝလမ်း၊ ကျောက်မြောင်းရပ်၊ ရန်ကုန်မြို့။

ကျိုက်သုတ်စေတီတော်ဘဏ္ဍာထိန်း ဂေါပကအဖွဲ့၊ မော်လမြိုင်မြို့
ဖုန်း – ၀၅၇ – ၂၄၆၉၀၊၀၅၇ – ၂၂၇၁၆၊ ၀၅၇–၂၁၇၁၆။

ကြယ်စင်မှူးသ
တောင်တန်းတွေနဲ့ ပင်လယ်ပြာကိုချစ်တဲ့ တောင်မလေး

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ သရက်တော(၄)လမ်း၊ အမှတ်(၁၁၉)နေ ဦးကျွဲ (အအေ – ၀၀၄၇၃၁) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးကျွဲ၊ ဒေါ်တင်ကြည်တို့၏ သားတစ်ဦးဖြစ်သူ မောင်ဝင်းဦး (ကအမ်ဒီအီး – ၀၁၁၅၅၇)သည် မိဘများအပေါ်ရန်သူသဖွယ်ဆက်ဆံခြင်း၊ မိဘနှင့်ညီအစ်ကိုမောင်နှမများအပေါ် စိတ်အနှောင့်အယှက်ဖြစ်စေရန် နည်းအမျိုးစုံဖြင့် ပြုလုပ်ခြင်း၊ မိသားစုအပေါ် ဒုက္ခအမျိုးမျိုးကို အမြဲတစေ ပေးခြင်းများကြောင့် ၎င်းအား သွားနုတ္တသားအဖြစ် စွန့်လွှတ်ကြေညာလိုက်ပါသည်။ ၎င်းမောင်ဝင်းဦးနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် မည်သည့်အကြောင်းကိစ္စကိုမျှ မိသားစုအနေနှင့် ဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်းလည်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျွဲ၏လွှဲအပ်ညွှန်ကြားချက်အရ–
ဦးတင်ကြည်
တရားရုံးချုပ်ရှေ့နေ
အမှတ်(၈၃)၊ အခန်း(၁၈)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

ခုခံအားကျဆင်းရောဂါ

Yan Aung
ရန်ကုန်။ ☎ ၂၅၆၇၉၁၊ ၂၅၆၇၉၀

ရက်တိုးတဲ့ DI
DI ရဲ့ 100% Discount မှ 3.8.2003
ကလေးဝတ်အင်္ကျီ (8 နှစ်မှ 15 အထိ)
(Export Quality အထည်ချုပ်ဆိုင်)
☎ ၅၂၈၀၂၈၊ ၅၁၈၀၃၃

နံနက် 11:00 နာရီမှ ညနေ 3:30 နာရီထိ Dim Sum နှင့်
နံနက် 11:00 နာရီ မှ ည 9:30 နာရီထိ နေ့လယ်စာနှင့် ညနေစာများကို လာရောက် သုံးဆောင်နိုင်ပါပြီ။
Shan Kon
ယမ်းချာ (Dim Sum)
☎ 240216, 244336

ဆာချယ်စ်ရမ်း ရွှေမြန်မာ ...
လာဘ်မိုးစွေစာပေတိုက်မှ (၃၀. ၈. ၂၀၀၃) နေ့တွင် ထုတ်ဝေမည့် ...
(စာမျက်နှာ (၃၀၀) ကျော်ပါ)
လာဘ်မိုးစွေစာပေ အမှတ် (၁၁၁)၊ ပထမထပ်၊ (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ – ၂၅၃၅၇၉

FOREVER GROUP
Apple 17" Monitor eMac
Professional Digital Graphic Design
Photoshop 7.0
Illustrator 10.0
Indesign 2.0
Scanner Handling
Plug-ins
2 Months
WWWArtist
3 Months
Sat-Sun 2-7 23.8.2003
No.173/175, Pansodan Street, Kyauktada Township, Yangon. Ph: 01-256265

EXCELLENT CREATION
PLAIN CAKE
ပြုံးပြလည်း မနည်းပါဘူး
Emperor.Lynn
(Plain Cake)
TAPE, CD and VCD ထွက်ပြီ

Golden Hope Intl. Ltd.
☎ -202377, 703220

MYANMAR RYOKO

MTAK Tourism Co. Ltd

ထိတ်ဝိန် ရတနာရွှေဆိုင်
အမှတ် (၂၀၅)၊ ...
ဒါမတ်ပြီးမှ ရွှေဝယ်ပါ။
✽ ...
ဦးအောင်တင်

- ကမ္ဘာ့နိုင်ငံကြီးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ စစ်မျက်နှာအားလုံးတွင် ရှေ့ဆုံးမှ မီဒီယာစစ်မျက်နှာကို မည်သို့ခင်းကျင်းထားသနည်း။
- နိုင်ငံငယ်များအား စစ်ရေး ကိုလိုနီနယ်ပယ်၊ နိုင်ငံရေး၊ စီးပွားရေး၊ ကိုလိုနီနယ်ပယ်များအဖြစ် သွတ်သွင်းရန်ကြိုးပမ်းမှုတွင် မီဒီယာကို မည်သို့အသုံးချနေကြသနည်း။
- ကမ္ဘာ့သတင်းများနှင့် မကင်းနိုင်သူတိုင်း၊ နိုင်ငံရေး တွေးဆနေသူတိုင်းအတွက်၊ ပညာလက်ဆောင် ပါးလိုက်ပါသည်။



သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂၊ သိမ်ဖြူလမ်း(ဝန်ကြီးများရုံးရှေ့)၊ ဖုန်း–၂၉၄၃၀၆၊ သတင်းစာကိုယ်စားလှယ်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

– မကြာမီထွက်တော့မည် –

MCC STANDARD Computer Centre

- Basic Windows Course
- D.T.P Course, Graphic Design Course
- Web Design Course, E-mail & Internet Course
- Computerized Accounting Course, Programming Courses

အမြန်အလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ **Accountant** — မ (၂) ဦး
- B.Com, L.C.C.I (II,III) ရရှိပြီးသူ
- Computer ကျွမ်းကျင်ရမည်။

၂။ **Branch Manager** — မ (၂) ဦး
- စာရင်းပညာတတ်ကျွမ်းသူ

၃။ **D.T.P** — မ (၃) ဦး
Internet, E-mail ကျွမ်းကျင်စွာအသုံးပြုနိုင်သူ
- အင်္ဂလိပ်စာ(ရေး၊ ဖတ်၊ ပြော)ကျွမ်းကျင်သူ

၄။ **Cashier** — မ (၂) ဦး

၅။ **Marketing** — ကျား၊ မ (၄) ဦး

အမှတ်စဉ်(၂၊ ၃၊ ၄၊ ၅)တို့အတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိသူ၊ အိမ်ထောင်မရှိသေးသူဖြစ်ရမည်။

လျှောက်ထားသူသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက်မူရင်းတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှတစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

PENINSULA ENTERPRISES LTD.

တော်ဝင်ပလာဇာ(တတိယထပ်)၊ စက်ရုံလမ်းနှင့်ဗိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း၊ ၀၁–၂၉၅၈၀၀၊ ၂၀၃၂၇၊ ၇၀၅၆၂၉။

အမည်ပြောင်းခြင်း

ဦးထွန်းအောင်ဇံ၏သား အထက(၁) သဃ်န်းကျွန်း ဒသမတန်းမှ မောင်အောင်ကျော်သန်းအား မောင်ရွှေကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရွှေကျော်။

အမည်ပြောင်းခြင်း

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၀/သဖရ(နိုင်)၀၆၈၂၁၆]ကိုင်ဆောင်သူ အဘ ဦးဟိန်၏သမီးဖြစ်သူ မတင်တင်စိုးအား ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ မသင်းသင်းစိုးဟု ပြောင်းလဲခေါ်ကြပါရန်။

မသင်းသင်းစိုး။

အမည်ပြောင်းခြင်း

ရန်ကုန်မြို့၊ စမ်းချောင်း၊ လင်းလွန်းတောင်ရပ်၊ ရွှေလောင်းလမ်း၊ အမှတ်(၃၉)နေ ဦးအေးကို– ဒေါ်ပို့ပို့ကြင်တို့၏သမီး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/စခန(နိုင်)၀၆၄၈၄၈] ကိုင်ဆောင်သူ မဆွေဇင်ဝင်းကိုအား မဆွေဇင်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မဆွေဇင်ဝင်း။**

အမည်ပြောင်းခြင်း

ဦးဘာဘူ၏သား ကျိုက်လတ်မြို့၊ အထက(၁) သတ္တမတန်း(B)မှ မောင်မင်းထက်ဦးအား မောင်ပိုင်စိုးနောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်ပိုင်စိုးနောင်။

သင်၏

စလောင်းအတွက် လိုင်းထည့်ခြင်းနှင့် လိုအပ်သမျှစိတ်တိုင်းကျစေရမည်။
(လိုင်းအသစ်စာအုပ်ရပြီ)
(၂' စလောင်းအဟောင်းဝယ်သည်)

ZN GROUP
Tel: 727548

ရွှေပုပ္ပား အဆင့်မြင့်ခရီးသွားလုပ်ငန်း

ပုပ္ပားတောင်ကလပ်အဘအောင်မင်းခေါင်၏ (၅၁)နှစ်မြောက်ထွက်ပွဲ ကြိုတင်စာရင်းပေးနိုင်ပါပြီ။

ရွှေပြုန်းမင်းနှစ်ပါးရဲ့ ချိုးတော်ရေသုံး အထူးခရီးစဉ် ပုပ္ပား–တောင်ပြုန်း–မန္တလေး–စစ်ကိုင်း–မုံရွာ–ပြင်ဦးလွင် (August 5, 2003) ဖုန်း–၇၁၀၀၅၁။

ကားငှား/ရောင်းမည်

ITO Co.,LTD

အိမ်စီးကားရောင်းမည်

TOYOTA, G-Touring Van
91 Model, ၇က/၆၀၀၀ကျော်
စုံစမ်းရန်–
ဖုန်း– ၆၈၂၈၄၅၊ ၇၀၄၀၃၅။

Research Engineers' FREE Seminar with SPECIAL DISCOUNTS!

STAAD.Pro 2003

Analysis and Design of High-Rise Buildings using STAAD-Pro

Conference Hall, MICT Park, Yangon, 5th August, 1 to 4 pm

For more information call: Saw Htwe Zaw and Associates, 169G, 9 Miles, Pyay Road, 660150, 722969, (09)500-9356, htwe.cil@mptmail.net.mm

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့်ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)ဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၃–၂၀၀၄ပညာသင်နှစ်အတွက် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)ပထမနှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါ အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်။
(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်။
(ခ) ပညာသင်နှစ်စတင်သည့်နေ့၌ အသက်(၂၀)နှစ်ထက်မကျော်စေရ။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါချွတ်ယွင်းမှုမရှိစေရ။
(ဃ) အနုပညာဝါသနာပါသူဖြစ်ရမည်။

၂။ ယဉ်ကျေးမှုတက္ကသိုလ်တွင် သင်ကြားမည့်အထူးပြုဘာသာရပ်များမှာ–
(က) ဂီတပညာ
(ခ) သဘင်ပညာ
(ဂ) ပန်းချီပညာ
(ဃ) ပန်းပုပညာ ဟူ၍ အထူးပြုဘာသာရပ်(၄)ရပ်အား သင်ကြားပို့ချသွားမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို မိမိတို့ ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည်။

၃။ ယဉ်ကျေးမှုတက္ကသိုလ်တက်ရောက်ရေးအတွက် တက္ကသိုလ်ဝင်စာမေးပွဲအား ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)သို့လည်းကောင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ် စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)သို့လည်းကောင်း လျှောက်ထားတက်ရောက်ကြရမည်။

၄။ လျှောက်လွှာပုံစံများအား **ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)**၌လည်းကောင်း၊ **ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း**၌လည်းကောင်း တစ်စုံလျှင် ကျပ်၁၅၀နှုန်းဖြင့် ဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်မူရင်းနှင့်ပတ်စပို့အရွယ်ဓာတ်ပုံ(၅)ပုံတို့နှင့်အတူ ပူးတွဲလျက် ၂၀၀၃ခုနှစ် အောက်တိုဘာလ(၁၀)ရက်နေ့နောက်ဆုံးထား၍ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို အဆိုပါတက္ကသိုလ်များ၌ ၂၀၀၃ခုနှစ် အောက်တိုဘာလ(၁၅)ရက်နေ့မှစတင်၍ စစ်ဆေးသွားမည်ဖြစ်ပါသည်။

၆။ တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းမူရင်းကို လူတွေ့စစ်ဆေးရန်လာရောက်သည့်အခါ တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကိုသိလိုပါက ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ တယ်လီဖုန်းအမှတ်(၀၁–၅၉၀၂၅၂)နှင့် (၀၁–၅၉၀၂၅၄)သို့လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) တယ်လီဖုန်းအမှတ်(၀၉–၆၉၇၂၉၁)သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျော်ကျော်လှိုင်
မော်ကွန်းထိန်းအဆင့်–၁
ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)။

သပြေညို – ဆုံဆီ

သိမ်နှင့် သိမ်ကျောင်း နှိုးဆော်စာ

ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊ (၂၀/ခ)ရပ်ကွက်၊ အောင်ရာမြေပရိယတ္တိစာသင်တိုက်၌ ပဓာန နာယက (အမ်း – ချင်းသာသနာပြု) ဘဒ္ဒန္တဝရာလင်္ကာရ ဆရာတော်ကြီးနှင့် စာချ/စာသင်ရဟန်း/ သာမဏေ(၉၈)ပါး သီတင်းသုံးလျက်ရှိရာ သိမ်နှင့်(၃)ထပ်သိမ်ကျောင်း တည်ဆောက်ရန် လိုအပ်လာပါ၍ ပဌာန်းဆက်ပါသူများ၊ ဒါနပါရမီဖြည့်ဆည်းလိုသော စေတနာရှင်များတို့သည် ၁၃၆၅ခုနှစ် ပြာသိုလဆန်း ၉ရက် (၃၁–၁၂–၂၀၀၃)နေ့အတွင်း မိမိတို့စေတနာအလျောက် ကျောင်းတိုက်သို့ဖြစ်စေ၊ ဖုန်း – ၀၁–၅၇၃၃၄၇ သို့ဖြစ်စေ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

သိမ်၊ သိမ်ကျောင်းဖြစ်မြောက်ရေးအဖွဲ့။

မွေးနေ့ဆုတောင်း

ချစ်သားကြီး Edwin Khun Seng Lek၏ ၃၀–၇–၂၀၀၃ ရက်နေ့တွင် ကျရောက်သော (၁)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောဒယ်ဒီ၊ မာမီနှင့်အတူ ကျန်းမာပျော်ရွှင်ချမ်းမြေ့ပြီး အောင်မြင်ပြည့်စုံမှုများစွာကို ရယူပိုင်ဆိုင်၍ အေးချမ်းသာယာသော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလျက်–––။

ချစ်ဒယ်ဒီ – ခွန်ကောင်းမြင့်
ချစ်မာမီ – သင်းသင်းကြည်
နှစ်ဖက်သောအဘိုး၊အဘွားများ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး မော်တော်ယာဉ်အလုပ်ရုံအမှတ်(၃) အခြေခံယာဉ်မောင်းသင်တန်းကျောင်း

- အခြေခံယာဉ်မောင်းသင်တန်းအပတ်စဉ်(၁၃၄)ကို၁၄–၈–၂၀၀၃နေ့တွင် ဖွင့်လှစ်ပါမည်။
- ၃၀–၇–၂၀၀၃နေ့တွင် သင်တန်းကြေးများ စတင်လက်ခံပါမည်။
- ၁၉၉၃ခုနှစ်မှစ၍ ဝါရင့်အင်ဂျင်နီယာကြီးများဖြင့် သင်ကြားပို့ချပေးပါသည်။
- သင်မောင်းလိုင်စင်“ခ”လိုင်စင်ရရှိရေး ဆောင်ရွက်ပေးသည်။
- သင်တန်းတက်ရောက်ရန် အခက်အခဲရှိသူများတွက် သီးခြားစီစဉ်ပေးသည်။
- နယ်မှသင်တန်းသားများ ဘော်ဒါရှိသည်။

အမှတ်၂၄၀(၅)စက်ဆန်း၊ အထက်ပုစွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ရုံးချိန်အတွင်း–စုံစမ်းရန်ဖုန်း–၀၁–၂၉၀၃၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

